# မြန်မာ့ဒီမိုကရေစီအလားအလာ

## Burma: Prospects for a Democratic Future




ဦးအောင်ခင်

လွတ်လပ်သောအာရှအသံမှစီစဉ်ထုတ်လွှင့်ခဲ့သည့်
လေလှိုင်းထဲကစာအုပ်စင် အသံလွှင့်ဆောင်းပါး

**Voice of Burma** စာစောင်

http://www.faxtoon.com/vob.htm

မှ ပြန်လည်ကူးယူဖော်ပြသည်

## မြန်မာ့ဒီမိုကရေစီအလားအလာ

၁။ မြန်မာ့ယဉ်ကျေးမှုနဲ့ နိုင်ငံရေးဓလေ့
၂။ ဒီမိုကရေစီခေတ်ကပေးတဲ့သင်ခန်းစာ

၃။ ဗမာစစ်အစိုးရနဲ့ အမေရိကန်နိုင်ငံခြားရေးလမ်းစဉ်

၄။ ဒေသဆိုင်ရာလုံခြုံရေးနဲ့ မြန်မာနိုင်ငံ

၅။ မြန်မာ့ပြည်တွင်းစစ်နဲ့ တိုင်းရင်းသားပုန်ကန်မှု

၆။ စစ်တပ်ရဲ့အခန်းကဏ္ဍ

၇။ မြန်မာ့စီးပွားရေးတိုးတက်မှု အလားအလာ

၈။ မြန်မာ့စီးပွားရေးနဲ့ မူးယစ်ဆေးလုပ်ငန်း

၉။ မူးယစ်ဆေးထုတ်လုပ်မှုပြဿနာ

၁၀။ ကမ္ဘာ့အပယ်ခံ ဗမာစစ်အစိုးရ

၁၁။ မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံတဲ့ နိုင်ငံခြားကုမ္ပဏီများ

၁၂။ ပညာရေးနဲ့ အစိုးရရဲ့ကဏ္ဍ

၁၃။ ကျန်းမာရေးအခြေအနေ

၁၄။ မြန်မာ့နိုင်ငံရေးနာလန်ထဖို့ အလားအလာ

# မြန်မာ့ဒီမိုကရေစီအလားအလာ

**Prospects for a Democratic Future**

ဦးအောင်ခင်

လေလှိုင်းထဲက စာအုပ်စင်

## (၁)

### မြန်မာ့ယဉ်ကျေးမှုနဲ့ နိုင်ငံရေးဓလေ့

ဒီမိုကရေစီပြုပြင်ရေးလုပ်ပြီး လွတ်လပ်မှုနဲ့တရားဥပဒေစိုးမိုးမှုကို အဓိက ဦးစားပေးတာဟာ မျက်မှောက်ခေတ်ကမ္ဘာရဲ့ သမိုင်းရေစီးကြောင်းဖြစ်ပါတယ်။ ဒါပေမဲ့ ဗမာစစ်အစိုးရကတော့ ခေတ်နောက်ပြန်ဆွဲပြီး အာဏာရှင်ဓလေ့ရှင်သန်အောင် လုံးပမ်းနေတဲ့အတွက် မြန်မာပြည်မှာ ဒီမိုကရေစီကို ပြုစုပျိုးထောင်လို့ ရပ့်မလားလို့ နိုင်ငံခြားပညာရှင်တွေစဉ်းစားနေတာ အတော်ကြာနေပါပြီ။ ဒီပညာရှင်တွေရေးသားပြုစုထားတဲ့ စာတမ်းအချို့ကိုစုပေါင်းပြီး အမေရိကန်အခြေစိုက် ကမ္ဘာ့ငြိမ်းချမ်းရေးဖောင်ဒေးရှင်းက ၁၉၉၈ မှာ စာအုပ်ထုတ်ဝေပါတယ်။

“မြန်မာ့ဒီမိုကရေစီအလားအလာများ” လို့ အမည်ပေးထားပြီး စာမျက်နှာ ၃၀၀ ကျော် ရှိပါတယ်။ ထုတ်ဝေထားတာ ၆ နှစ်ရှိပြီဖြစ်ပေမယ့် မြန်မာပြည်မှာ ဒီမိုကရေစီရဖို့ အလားအလာ မရှိသေးတာမို့ ဒီစာအုပ်ကို အပိုင်း ၁၄ ပိုင်းခွဲပြီး အပတ်စဉ်တင်ပြသွားပါမယ်။

ယခုတင်ပြမယ့် မြန်မာ့ဒီမိုကရေစီအလားအလာ အပိုင်း ၁ မှာ ပါမောက္ခ Joseph Silverstein ရေးသားပြုစုတဲ့ မြန်မာ့နိုင်ငံရေးဓလေ့စာတမ်းကို အကျဉ်းချုံးတင်ပြလိုပါတယ်။ မြန်မာပြည်ဟာ အနောက်နိုင်ငံမဟုတ်တဲ့အတွက် အနောက်တိုင်းမှာသုံးတဲ့ လူ့အခွင့်အရေး အယူအဆကို မြန်မာနိုင်ငံမှာကျင့်သုံးလို့မဖြစ်ဘူးလို့ ဗမာစစ်အစိုးရက ပြောလေ့ရှိပါတယ်။ စစ်အစိုးရဟာ ရိုးရာအစဉ်အလာနဲ့အညီ အုပ်ချုပ်နေတာမို့ နိုင်ငံခြားကလာတဲ့ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးသဘောကို လက်ခံစရာမလိုဘူးလို့ ဆင်ခြေပေးပါတယ်။ ဒါဟာ စစ်အာဏာရှင် စနစ်ကို တိုင်းပြည်ကလက်ခံလာစေဖို့ရည်ရွယ်ပြီး မြန်မာ့ယဉ်ကျေးမှုနဲ့ နိုင်ငံရေးဓလေ့ကို အလွဲသုံးစား လုပ်နေတာသာဖြစ်ကြောင်း ရှင်းပြထားတဲ့စာတမ်းပါပဲ။

ဗမာမင်းလက်ထက်မှာ ဘုရင်စနစ်ကျင့်သုံးပေမယ့် နေရာဒေသကိုလိုက်ပြီး နိုင်ငံရေးဓလေ့အမျိုးမျိုး မြန်မာပြည်မှာ ရှိခဲ့ပါတယ်တဲ့။ ဗမာလူမျိုးနဲ့ တိုင်းရင်းသားတွေရဲ့ နိုင်ငံရေးဓလေ့ဟာ အခြေခံအားဖြင့် ကွဲပြားခြားနားကြပါတယ်။ တပြည်လုံးအကျုံးဝင်တဲ့ တခုတည်းသော နိုင်ငံရေးဓလေ့ဆိုတာ မြန်မာပြည်မှာ တခါမှ ရှိခဲ့ဖူးတာ မဟုတ်ပါဘူး။ ဒီလို အမျိုးမျိုးအဖုံဖုံ ရှိနေတဲ့နိုင်ငံရေးဓလေ့ဟာ မပြောင်းမလဲ ပုံသေတည်ရှိနေတာလည်း မဟုတ်ပါဘူး။ အနောက်တိုင်းနဲ့ ထိတွေ့ပြီး ကိုလိုနီဘဝကျရောက်သွားတဲ့အခါမှာ နိုင်ငံရေးအယူအဆသစ်တွေ ဝင်လာတာမို့ ရှေးဟောင်းနိုင်ငံရေးဓလေ့ ပြောင်းလဲသွားပါတယ်။ ကိုလိုနီခေတ်နဲ့ လွတ်လပ်ရေးခေတ်မှာ လစ်ဘရယ်ဒီမိုကရေစီသဘောတရားကို မြန်မာပြည်သားတွေ လက်ခံလာကြပါတယ်။ မြန်မာပြည်သူပြည်သားတွေ ဒီကနေ့ဖော်ပြနေတဲ့ အယူအဆအတွေးအခေါ်ဟာ ခေတ်သစ်မြန်မာ့သမိုင်းက မွေးထုတ်လိုက်တဲ့ နိုင်ငံရေးဓလေ့ကို ရောင်ပြန်ဟပ်နေပါတယ်တဲ့။ ဒါကြောင့်မို့သာ အာဏာရှင်စနစ်ဆန့်ကျင်တဲ့ နိုင်ငံရေးခေါင်းဆောင်ကို ပြည်သူလူထုက ထောက်ခံနေတာ ဖြစ်ပါတယ်။

လွတ်လပ်ရေးခေတ် ဦးနုအစိုးရလက်ထက်မှာ အထွေထွေရွေးကောက်ပွဲသုံးခု ကျင်းပနိုင်တဲ့အတွက် အခြေခံလွတ်လပ်မှုနဲ့ စာနယ်ဇင်းလွတ်လပ်မှုရဲ့တန်ဖိုးကို မြန်မာပြည်သားတွေ သဘောပေါက်ကြပါတယ်။ ဒီခေတ်မှာ လစ်ဘရယ်ဒီမိုကရေစီသဘောတရားကိုအခြေခံတဲ့ လူ့အဖွဲ့အစည်းတည်ဆောက်ဖို့ကြိုးစားပေမယ့် ပီပီပြင်ပြင်အကောင်အထည်မပေါ်မီ စစ်တပ်က အာဏာသိမ်းတာပါပဲ။ ဗိုလ်နေဝင်းအာဏာရှင်စနစ်ဟာ ဗမာဘုရင်စနစ်နဲ့တူပေမယ့် စစ်အင်အားနဲ့ ဗဟိုချုပ်ကိုင်မှုကိုသုံးတဲ့နေရာမှာ ကိုလိုနီပုံစံအတိုင်းပါပဲ။ ဆိုရှယ်လစ်ဝါဒကတော့ အရှေ့ဥရောပကလာတာပါ။ မဆလစစ်အစိုးရဟာ သူတီထွင်တဲ့နိုင်ငံရေးအယူအဆကို ပြည်သူလူထုကလက်ခံလာအောင် အတင်းအကျပ်လုပ်ပါတယ်။ နိုင်ငံသားတာဝန်ဆိုတာဟာ စစ်အစိုးရပြောသမျှကို နာခံဖို့သာဖြစ်နေပါတယ်။ နိုင်ငံသားမှာ ဘာအခွင့်အရေးမှမရှိပါဘူး။ ဒါပေမဲ့ မဆလစစ်အစိုးရက ရိုက်သွင်းနေတဲ့ နိုင်ငံရေးအယူအဆကို ပြည်သူပြည်သားက လက်မခံလို့သာ ၁၉၈၈ မှာ ပြည်သူ့ဒီမိုကရေစီအရေးတော်ပုံကြီး ပေါ်ထွက်လာတာမဟုတ်ပါလားလို့ ဆိုပါတယ်။

နဝတ စစ်အစိုးရတက်လာတော့လည်း တိုင်းသူပြည်သားကို ပုံသွင်းပြီးချုပ်ကိုင်ဖို့ ကြိုးစားပြန်ပါတယ်။ ဒါပေမဲ့ စစ်အစိုးရရဲ့အယူအဆကို ပြည်သူလူထုအများစုက လက်မခံပါဘူး။ တရားဥပဒေအရအုပ်ချုပ်တဲ့ အရပ်သားဒီမိုကရေစီအစိုးရ တည်ထောင်ရေးနဲ့ လူ့အခွင့်အရေးလေးစားရေးကိုဦးတည်တဲ့ NLD အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ၁၉၉၀ ရွေးကောက်ပွဲမှာ အပြတ်အသတ် အနိုင်ရသွားတာဟာ ပြည်သူလူထုရဲ့နိုင်ငံရေးအမြင်ကို အထင်အရှားပြလိုက်တာပါ။ ဒါပေမဲ့ စစ်အစိုးရဟာ ပြည်သူ့ဆန္ဒကိုမလေးစားဘဲ စစ်ခေါင်းဆောင်ပိုင်းရဲ့အမိန့်ကို ပြည်သူလူထုက နာခံလာအောင် အတင်းအကျပ်လုပ်ပါတော့တယ်။ စစ်တပ်ရဲ့လိုအင်ဆန္ဒကို တိုင်းပြည်က လက်ခံလာဖို့အတွက် ခေါင်းခေါက်ရွေးထားသူတွေကိုစုရုံးပြီး ၁၉၉၂ မှာ အမျိုးသားညီလာခံ စတင်ကျင်းပပါတယ်။

သတင်းမီဒီယာတခုလုံးကိုချုပ်ကိုင်ပြီး စစ်တပ်ရဲ့အယူအဆကို တပြည်လုံး လက်ခံလာအောင် ရိုက်သွင်းနေပေမယ့် တိုင်းသူပြည်သားကတော့ ဒေါ်အောင်ဆန်းစုကြည် ထုတ်ဖော်ပြောဆိုနေတဲ့ နိုင်ငံရေးအယူအဆကိုသာ လက်ခံယုံကြည်ကြပါတယ်။ ဒီမိုကရေစီ ရရှိအောင်ကြိုးပမ်းရာမှာ ပြည်သူပြည်သားတွေဟာ နိုင်ငံခြားအယူအဆနဲ့ကျင့်ထုံးကို လေ့လာရုံသာမကဘဲ မိမိနေထိုင်ရာလူ့ဘောင်ကိုဖန်တီးလိုက်တဲ့ အတွေးအခေါ်အယူအဆကိုလည်း လေ့လာသုံးသပ်ကြတယ်လို့ ဒေါ်အောင်ဆန်းစုကြည်ပြောတာကိုလည်း ဆရာကြီးဒေါက်တာ Silverstein က ကိုးကားထားပါတယ်။

ဗုဒ္ဓဘာသာမှာအလွန်တန်ဖိုးထားတဲ့ လွတ်လပ်မှုနဲ့ အနောက်တိုင်းခေတ်ပညာကရရှိတဲ့ လစ်ဘရယ်ဒီမိုကရေစီသဘောတရားကိုအခြေခံတဲ့ နိုင်ငံရေးစနစ်ကိုတည်ဆောက်ဖို့ ဒေါ်စုနဲ့ ပြည်သူလူထုက ရည်ရွယ်ပါတယ်။ အစိုးရပြောင်းသွားတာကိုသာ တိုင်းသူပြည်သားက မြင်လိုတာမဟုတ်ဘဲ နိုင်ငံရေးအယူအဆကိုပါ ပြောင်းပစ်ချင်တာဖြစ်တယ်လို့ ဒေါ်စုကဆိုပါတယ်။ လွတ်လပ်တဲ့ဒီမိုကရေစီလူ့ဘောင်ကို ငြိမ်းချမ်းစွာတည်ဆောက်နိုင်ဖို့အတွက် စစ်ခေါင်းဆောင်နဲ့ လူထုခေါင်းဆောင်တွေ တန်းတူရည်တူဆွေးနွေးကြဖို့ ဒေါ်စုက ပန်ကြားထားပါတယ်။ ဆွေးနွေးပွဲမှာ သဘောမတူတာတွေ၊ ငြင်းခုံတာတွေ ရှိနိုင်ပေမယ့် တိုင်းပြည်အတွက် အကောင်းဆုံးနည်းလမ်းကိုရှာဖွေတာဖြစ်လို့ မျက်နှာပျက်တာနဲ့ နိုင်တာရှုံးတာမျိုး မရှိနိုင်ဘူးလို့ ဒေါ်စုက ယုံကြည်ပါတယ်။ ဒါပေမယ့် လွတ်လပ်မှုရှိမှ တန်းတူရည်တူ ဆွေးနွေးနိုင်မှာပါပဲ။ လုံခြုံရေးကိုအကြောင်းပြုပြီး စစ်အစိုးရက နေရာတကာကြီးစိုးနေရင် တန်းတူရည်တူဆွေးနွေးပွဲ မဖြစ်နိုင်ပါဘူး။ တိုင်းပြည်မှာ တိုင်းသူပြည်သားဟာ ပထမအရေးအကြီးဆုံးဖြစ်ပြီး နိုင်ငံတော်အစိုးရဟာ ဒုတိယ အရေးအကြီးဆုံးသာဖြစ်တယ်၊ အစိုးရအဖွဲ့ဝင်ကတော့ အရေးမကြီးဆုံးပဲလို့ တရုတ်ပညာရှင်ကြီး Mencius ပြောတာကို ၁၉၉၄ မှာ ဒေါ်စုက ကိုးကားပြောဆိုဘူးပါတယ်တဲ့။ ဒေါ်စုနဲ့ NLD အဖွဲ့ချုပ်ဟာ တိုင်းသူပြည်သားကို ပထမဦးစားပေးတာမို့ သူတို့ကို ပြည်သူလူထုက ထောက်ခံနေတာပါ။

၁၉၈၈ နောက်ပိုင်းမှာ ဗမာရော၊ တိုင်းရင်းသားလူမျိုးစုပါ အဖိနှိပ်ခံကြရတာမို့ ဗမာအရပ်သားနဲ့ တိုင်းရင်းသားတွေအကြား နားလည်မှုပိုရှိလာတယ်လို့ ဆရာကြီး Silverstein က ယူဆပါတယ်။ဗမာရောတိုင်းရင်းသားပါ ယုံကြည်တဲ့ခေါင်းဆောင်ဆိုလို့ ဒေါ်အောင်ဆန်းစုကြည် တဦးတည်း ရှိပါတယ်တဲ့။ ဒါကြောင့် ဒေါ်စုနဲ့ပြည်သူလူထုစုပေါင်းပြီး တိုင်းသူပြည်သားတွေလိုလားတဲ့ နိုင်ငံရေးစနစ်ကို တည်ဆောက်တာဟာ သဘာဝအကျဆုံးပါပဲတဲ့။ အမိန့်ပေးပြီး အပေါ်ကချပေးတဲ့နိုင်ငံရေးစနစ်ကိုတော့ မြန်မာပြည်သူပြည်သားတွေက ဘယ်တော့မှ လက်ခံမှာ မဟုတ်ဘူးလို့ ပါမောက္ခ Silverstein က သုံးသပ်ထားပါတယ်။ ရှေ့အပတ်အပိုင်း ၂ မှာ ဒီမိုကရေစီခေတ်ကပေးတဲ့သင်ခန်းစာအကြောင်း တင်ပြပါမယ်။

☆ ☆ ☆

# (၂)

## ဒီမိုကရေစီခေတ်က ပေးတဲ့သင်ခန်းစာ

ပါလီမန်ဒီမိုကရေစီကျင့်သုံးတဲ့ ဖဆပလခေတ်ကရယူနိုင်တဲ့ နိုင်ငံရေးသင်ခန်းစာတွေကို လေ့လာသုံးသပ်ထားတဲ့ မေရီကယ်လဟန်ရဲ့စာတမ်းကို မြန်မာ့ဒီမိုကရေစီအလားအလာ အပိုင်း ၂ မှာ အကျဉ်းချုံးတင်ပြပါမယ်။ လွှတ်လပ်ရေးရစမှာ ပြည်သူလူထုရွေးကောက်တင်မြှောက်တဲ့ အရပ်သားအစိုးရအုပ်ချုပ်စဉ်က မြန်မာပြည်မှာ ဒီမိုကရေစီအလားအလာကောင်းတယ်လို့ ပြောကြပါတယ်။ ဒါပေမယ့် ဒီမိုကရေစီအစိုးရသက်တမ်းက ဆယ်နှစ်ကျော်သာရှိပြီး၊ စစ်အစိုးရသက်တမ်းက အနှစ် ၄၀ ကျော်လာတဲ့အခါမှာတော့ မြန်မာပြည်မှာ ဘာဖြစ်လို့ ဒီမိုကရေစီဆိတ်သုဉ်းသွားရတာလဲ၊ ဗမာ့ယဉ်ကျေးမှုဓလေ့က အာဏာရှင်စနစ်ကို လက်ခံလို့ ဆိတ်သုဉ်းသွားတာလား၊ ဒါမှမဟုတ်လည်း စစ်ခေါင်းဆောင်တွေကိုယ်ကျိုးရှာလို့ ဒီမိုကရေစီ ဆိတ်သုဉ်းနေတာလားစသည်ဖြင့် စဉ်းစားစရာတွေတသီကြီး ပေါ်ထွက်လာပါတယ်တဲ့။

တိုင်းသူပြည်သားကို အချုပ်အခြာအာဏာပိုင်အဖြစ် အသိအမှတ်ပြုတဲ့ ၁၉၄၇ အခြေခံဥပဒေဟာ ၁၄ နှစ်သာ ရှင်သန်နိုင်ပါတယ်။ ဒီအခြေခံဥပဒေမှာ ဖယ်ဒရယ်ဆိုတဲ့စကားလုံး မပါပေမယ့် ပြည်နယ်တွေဟာ အထိုက်အလျောက် လုပ်ပိုင်ခွင့်ရှိကြပါတယ်။ မြန်မာ့ဒီမိုကရေစီသမိုင်းမှာ ၁၉၄၇၊ ၁၉၅၁၊ ၁၉၅၆၊ ၁၉၆၀ စသည်ဖြင့် အထွေထွေရွေးကောက်ပွဲကြီး ၄ ကြိမ် ကျင်းပနိုင်ခဲ့ပါတယ်။ ပထမရှစ်နှစ်မှာ ဖဆပလအဖွဲ့ချုပ်က လက်ဝါးကြီးအုပ်နိုင်ခဲ့ပေမယ့် ၁၉၅၆ ရွေးကောက်ပွဲကစပြီး အတိုက်အခံတပ်ပေါင်းစု ပေါ်ထွက်လာပါတယ်။ ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညီညွတ်ရေးတပ်ပေါင်းစုလို့ အမည်ပေးထားပေမယ့် "ပမညတ အဖွဲ့" လို့ပဲ လူသိများပါတယ်။ ပမညတ အဖွဲ့ကို ထောက်ခံအားပေးသူတိုးပွားလာတာနဲ့ ၁၉၆၀ ရွေးကောက်ပွဲမှာ ဦးနုရဲ့ ပြည်ထောင်စုပါတီ အနိုင်ရတာဟာ ယှဉ်ပြိုင်မှုကိုအားပေးတဲ့ ပါလီမန်ဒီမိုကရေစီစနစ်အတွက် အလွန် ကောင်းမွန်တဲ့အလားအလာဖြစ်တယ်လို့ ဆိုပါတယ်။

ဒါပေမယ့် အပေါ်ယံအမြင်နဲ့ အတွင်းသရုပ်ဟာ တခြားစီဖြစ်နေပါတယ်။ ၁၉၄၇ အခြေခံဥပဒေကိုရေးဆွဲတဲ့ အမျိုးသားခေါင်းဆောင်တွေဟာ အင်္ဂလိပ်ကို မောင်းထုတ်ဖို့သာ ဦးစားပေးကြပြီး လစ်ဘရယ်ဒီမိုကရေစီတည်ဆောက်ရေးကို ဦးစားပေးတာမဟုတ်ပါဘူးတဲ့။ ၁၉၄၇ ဥပဒေမှာ ဒီမိုကရေစီဆိုတဲ့စကားကို မတွေ့နိုင်ပါဘူး။ နယ်ချဲ့ဆန့်ကျင်ရေးနဲ့ ဆိုရှယ်လစ်လူ့ဘောင်တည်ဆောက်ရေးကိုသာ မြန်မာအမျိုးသားဝါဒီတွေက အာရုံစိုက်ကြပြီး ကိုလိုနီနယ်ချဲ့ ကျင့်သုံးခဲ့တဲ့ အရင်းရှင်ဒီမိုကရေစီကို ထောက်ခံအားပေးတာမျိုး မလုပ်ခဲ့ပါဘူး။ ကိုလိုနီနယ်ချဲ့ လက်ချက်ကြောင့် ဆင်းရဲချမ်းသာကွာဟမှု ကြီးမားနေပြီး စီးပွားရေးမညီမမျှဖြစ်နေတာကို မျှမျှတတ ဖြစ်သွားအောင် အစိုးရကို လုပ်ပိုင်ခွင့်ပေးထားပါတယ်။ ၁၉၄၇ အခြေခံဥပဒေကိုအတည်ပြုစဉ်က မြန်မာပြည်ဟာ လက်ဝဲနိုင်ငံဖြစ်တယ်လို့ ဦးနုကပြောခဲ့တာကိုကြည့်ပြီး လွှတ်လပ်တဲ့မြန်မာနိုင်ငံကို ခေါင်းဆောင်သူတွေဟာ လစ်ဘရယ်ဒီမိုကရေစီသဘောတားကို မြှင့်တင်ချင်သူတွေမဟုတ်ဘူးလို့ မေရီကယ်လဟန်က သုံးသပ်ပါတယ်။

ပုဂ္ဂလိကလွတ်လပ်မှု၊ ကွဲပြားခြားနားမှုနဲ့ ယှဉ်ပြိုင်မှုကို အဓိကထားတဲ့ လစ်ဘရယ် ဒီမိုကရေစီသဘောတရားကို မြန်မာအမျိုးသားခေါင်းဆောင်တွေက ဦးစားမပေးတော့ဘဲ စည်းလုံးမှုနဲ့ ညီညွတ်မှုကိုသာ ဦးစားပေးလွန်းတဲ့အတွက် အစိုးရနဲ့ ပါတီအဖွဲ့အစည်းတွေမှာ ကွဲလွဲတဲ့သဘောထားကို ခေါင်းမဖော်နိုင်အောင် လုပ်ထားပါတယ်။ အသွင်မတူ၊ ရည်ရွယ်ချက်မတူတဲ့ အဖွဲ့အစည်းတွေကို ယာယီစုပေါင်းပြီး လွတ်လပ်ရေးရအောင်လုပ်နိုင်ခဲ့ပေမယ့် လွတ်လပ်ရေးရပြီးတဲ့အခါမှာ ကွဲလွဲတဲ့သဘောထားကို စေ့စပ်ညှိနှိုင်းပြီး ထိန်းထားနိုင်တဲ့နည်းလမ်း ဖဆပလအဖွဲ့မှာ မရှိခဲ့ပါဘူး။ ဒါကြောင့်လည်း ပြည်တွင်းစစ်ဖြစ်ရတာပါပဲ။

ပြည်တွင်းစစ်သက်ဆိုးရှည်လေ ကွဲလွဲတဲ့အယူအဆကို လက်မခံနိုင်လေ ဖြစ်လာပါတယ်။ အစိုးရကိုဝေဖန်ရင် ပုဒ်မ ၅ နဲ့ ထောင်ကျတဲ့အချိန်အခါပါပဲ။ ဒီလိုလုပ်တာဟာ ကွဲလွဲတဲ့အယူအဆနဲ့ ယှဉ်ပြိုင်မှုကိုလက်ခံနိုင်တဲ့အကျင့်ဓလေ့ ပေါ်ထွန်းရေးကို အဟန့်အတား ဖြစ်စေပါတယ်။ ဖဆပလခေတ် ဒီမိုကရေစီစနစ်ကို အကောင်းဘက်ကမြင်သလို အဆိုးဘက်က မြင်တာလည်း ရှိပါတယ်။ အရပ်သားအစိုးရ၊ ရွေးကောက်ပွဲစနစ်နဲ့ အရပ်သားအဖွဲ့အစည်းကို ဂုဏ်ယူသူတွေရှိသလို ဒီမိုကရေစီကြောင့် နိုင်ငံရေးမတည်မငြိမ်ဖြစ်ရကြောင်း ထောက်ပြသူတွေလည်း ရှိပါတယ်။ ဒါပေမယ့် ဖဆပလအစိုးရက အမျိုးမျိုးဖိနှိပ်နေတဲ့ကြားက နိုင်ငံရေးမှာ အတိုက်အခံလုပ်တဲ့ဓလေ့ကို ပြုစုပျိုးထောင်နိုင်ခဲ့ပါတယ်။

ဒါကြောင့် ပြဿနာက ပါလီမန်ဒီမိုကရေစီစနစ်မဟုတ်ဘဲ အုပ်ချုပ်နိုင်စွမ်းမရှိတာ ဖြစ်တယ်လို့ မေရီကယ်လဟန်ကဆိုပါတယ်။ ဆက်သွယ်ရေး၊ သယ်ယူပို့ဆောင်ရေးနဲ့ အုပ်ချုပ်ရေး အားနည်းချိန်မှာ လက်နက်ကိုင်တော်လှန်ရေးနဲ့ ရင်ဆိုင်ရတဲ့အတွက် အုပ်ချုပ်နိုင်စွမ်းမရှိတဲ့ ပြဿနာကို ရင်ဆိုင်တာပါတဲ့။ လွတ်လပ်ရေးရပြီးမကြာမီ တပ်မတော်ဟာ ပြိုကွဲပျက်စီးခါနီး ဖြစ်ခဲ့တာကြောင့် စစ်အစိုးရ ကြီးစိုးလိမ့်မယ်လို့ ဘယ်သူကမှ မထင်ခဲ့ပါဘူး။ အဲဒီအချိန်က အာဏာရ အရပ်သားအစိုးရဘက်မှာ အင်အားစုကြီးသုံးစုရှိပါတယ်။ ဖဆပလအဖွဲ့ချုပ်၊ အုပ်ချုပ်ရေး ဗျူရိုကရေစီယန္တရားနဲ့ တပ်မတော်ဆိုတဲ့ အင်အားစုသုံးစုပါပဲ။ လက်နက်ကိုင်ပုန်ကန်မှုကို ရင်ဆိုင်ရတဲ့အခါမှာ စစ်ဆင်ရာနယ်မြေကို စစ်တပ်က အုပ်ချုပ်ရပါတယ်။ ဒီလိုနဲ့ စစ်တပ်ရဲ့အုပ်ချုပ်ရေး ကြီးထွားလာပြီး ဖဆပလအဖွဲ့နဲ့ ဗျူရိုကရေစီယန္တရားကို လွှမ်းမိုးသွားပါတယ်။ ဒါပေမယ့် ဖဆပလခေတ်က နိုင်ငံရေးအကျပ်အတည်းကို အခုထိရင်ဆိုင်နေရပါတယ်တဲ့။

လက်တွေ့မကျတဲ့ ဖယ်ဒရယ်ပြဿနာ၊ အစိုးရဲ့စွမ်းရည်ပြဿနာနဲ့ သဘောထားကွဲလွဲမှု မှန်သမျှ လက်မခံနိုင်တဲ့ပြဿနာ စတဲ့ အကျပ်အတည်းသုံးခုကို ဖဆပလခေတ်မှ ဒီကနေ့အထိ ရင်ဆိုင်နေရဆဲဖြစ်ပါတယ်တဲ့။ တပြည်လုံးကို ထိထိရောက်ရောက်အုပ်ချုပ်နိုင်ဖို့ကိစ္စက ဘဏ္ဍာရေးနဲ့ပထဝီအနေအထားအရ အလွန်ခက်ခဲပါတယ်။ အင်္ဂလိပ်ကိုလိုနီခေတ်မှာလည်း တပြည်လုံးကို မအုပ်ချုပ်နိုင်လို့ ပြည်နယ် ပြည်မ ခွဲခဲ့ရတာပါ။ တိုင်းရင်းသားတော်လှန်ရေး ပေါ်ပေါက်လာတဲ့လွတ်လပ်ရေးခေတ်မှာ ဆွေးနွေးညှိနှိုင်းပြီးဖြေရှင်းနိုင်တာမျိုး မရှိသလောက်ပါပဲ။ အခုကျင့်သုံးနေတဲ့ အပစ်အခတ်ရပ်စဲရေးသဘောတူချက်ဟာ ယာယီသာဖြစ်တာမို့ တိုင်းရင်းသားအရေးကို ဖြေရှင်းနိုင်မှာမဟုတ်ပါဘူး။

တိုင်းရင်းသားအုပ်စုတွေနေထိုင်ရာ နယ်မြေအချင်းချင်း စီးပွားရေး၊ အုပ်ချုပ်ရေး၊ အဖွဲ့အစည်းရေးနဲ့ ယဉ်ကျေးမှုရေးရာတွေမှာ ဆက်သွယ်မှုခိုင်မာမှသာလျှင် ဖယ်ဒရယ်စနစ်ကို တည်ဆောက်နိုင်ပါလိမ့်မယ်။ ပြည်နယ်တွေအကြား ဒီလို ဆက်သွယ်မှုမခိုင်မာဘဲ လူမျိုးနဲ့ပထဝီအနေအထားကိုလိုက်ပြီး အခြေခံဥပဒေရေးဆွဲခဲ့တဲ့ ဆိုဗီယက်စနစ်မှာ တိုင်းရင်းသားပြဿနာကို မဖြေရှင်းနိုင်တာ တွေ့ရပါတယ်တဲ့။ ဒုတိယပြဿနာကတော့ အစိုးရရဲ့ စွမ်းဆောင်နိုင်မှု အတိုင်းအတာပါပဲ။ စစ်တပ်အားကိုးနဲ့ အာဏာယူထားတဲ့ စစ်အစိုးရဟာ မြန်မာပြည်ကို တိုးတက်တဲ့ ခေတ်မီဈေးကွက်နိုင်ငံအဖြစ် အသွင်ပြောင်းနိုင်စွမ်းမရှိပါဘူး။

မြန်မာပြည်မှာရင်ဆိုင်နေရတဲ့ တတိယပြဿနာဟာ ကွဲလွဲတဲ့သဘောထားကို လက်မခံနိုင်တဲ့ဓလေ့ ဖြစ်ပါတယ်တဲ့။ လွတ်လပ်ရေးရလာတာ အနှစ် ၅၀ ကျော်လာပြီဖြစ်ပေမယ့် ကွဲလွဲတဲ့သဘောထား၊ ခြားနားတဲ့အတွေးအခေါ်နဲ့ အပြန်အလှန် အချေအတင်ဆွေးနွေးမှုကို လက်ခံနိုင်တဲ့ အဖွဲ့အစည်းဆိုတာ မြန်မာပြည်မှာ မရှိခဲ့ဖူးဘူးလို့ ဆိုပါတယ်။ ဒါကြောင့် ကွဲလွဲတဲ့သဘောထားနဲ့ ပဋိပက္ခကို လက်ခံထိန်းသိမ်းနိုင်တဲ့နည်းလမ်းကို ခေါင်းဆောင်ပိုင်းက မတီထွင်နိုင်သမျှ ကာလပတ်လုံး မြန်မာ့ဒီမိုကရေစီအရေးဟာ အလားအလာမကောင်းကြောင်း မေရီကယ်လဟန်က သုံးသပ်ထားပါတယ်။

☆ ☆ ☆

# (၃)

## ဗမာစစ်အစိုးရနဲ့ အမေရိကန်နိုင်ငံခြားရေးလမ်းစဉ်

ဗမာစစ်အစိုးရနဲ့ပတ်သက်တဲ့ အမေရိကန်နိုင်ငံခြားရေးလမ်းစဉ်ကို အမေရိကန်အမျိုးသား စစ်တက္ကသိုလ်ပါမောက္ခ Marvin C. Ott ရေးသားထားတဲ့စာတမ်းကို မြန်မာ့ဒီမိုကရေစီ အလားအလာ အပိုင်း ၃ မှာ တင်ပြလိုက်ပါတယ်။ဗိုလ်နေဝင်းလက်ထက် အထီးကျန် မဆလလမ်းစဉ်ကျင့်သုံးစဉ်က မြန်မာပြည်ကို အမေရိကန် စိတ်မဝင်စားသလို ကမ္ဘာကလည်း မေ့ထားခဲ့ပါတယ်။ ၁၉၈၈ မှာ ဆန္ဒပြသူအရပ်သားတွေကို စစ်တပ်ကပစ်သတ်လို့ ဒေါ်အောင်ဆန်းစုကြည် နိုင်ငံရေးဝင်လုပ်တော့မှ မြန်မာပြည်ကို အာရုံစိုက်လာကြပါတယ်။ လူ့အခွင့်အရေးအချိုးဖောက်ခံရဆုံးနိုင်ငံအဖြစ် ထင်ရှားလာပါတယ်။ ဒါပေမဲ့ ၁၉၈၈ နောက်ပိုင်း ခိုကိုးရာမဲ့ဖြစ်လာတဲ့ ဗမာစစ်အစိုးရက တရုတ်ကိုပြေးကပ်တဲ့အခါမှာတော့ မြန်မာပြည်ဟာ မဟာဗျူဟာအရ အရေးပါလာတဲ့အတွက် မြန်မာ့ရေးရာ အမေရိကန်နိုင်ငံခြားရေးလမ်းစဉ်ကို ပြန်လည်သုံးသပ်သင့်တယ်လို့ Marvin Ott က သုံးသပ်ပါတယ်။

သဘာဝသယံဇာတကြွယ်ဝပြီး အင်္ဂလိပ်စာတတ် လူတန်းစားတွေရှိတဲ့ မြန်မာပြည်ကို တိုးတက်ဖွံ့ဖြိုးဖို့ အလားအလာအကောင်းဆုံးလို့ တချိန်က သတ်မှတ်ခဲ့ကြပါတယ်။ ပထမဆုံးဝန်ကြီးချုပ်ဖြစ်သူ ဦးနုဟာ ဟိုချီမင်း၊ ဆူကာနို၊ ချူအင်လိုင်း စတဲ့ ဒေသခံခေါင်းဆောင်တွေနဲ့ ရင်ဘောင်တန်းပြီး ဘက်မလိုက်လှုပ်ရှားမှုကို တည်ထောင်ခဲ့သူဖြစ်ပါတယ်။ ဒါပေမယ့် ဗိုလ်နေဝင်း

စစ်အာဏာသိမ်းပြီးတဲ့နောက်ပိုင်းမှာ အထီးကျန်လမ်းစဉ်ကျင့်သုံးတဲ့အတွက် နိုင်ငံခြားနဲ့ အဆက်အသွယ် နည်းပါးလာပါတယ်။ စစ်အေးတိုက်ပွဲပြင်းထန်တဲ့ကာလဖြစ်ပြီး အရှေ့တောင်အာရှမှာ ကွန်မြူနစ်ပုန်ကန်မှု ဖြစ်ပွားနေချိန်ပါပဲ။ ဒီအချိန်မှာ အာဆီယံခေါ် အရှေ့တောင်အာရှနိုင်ငံများ အဖွဲ့ တည်ထောင်တော့လည်း ဗမာမပါတဲ့အတွက် မျက်မှောက်ခေတ် ကမ္ဘာ့ရေစီးကြောင်းနဲ့ ကြာလေဝေးလေ ဖြစ်လာရပါတယ်။

ဒီအချိန်မှာ အင်ဒိုချိုင်းနားဒေသရှည်စစ်ပွဲကြီး ပြီးဆုံးသွားပြီးမကြာမီ စစ်အေးခေတ်လည်း ကုန်ဆုံးသွားတာကြောင့် အရှေ့တောင်အာရှနိုင်ငံတွေ စီးပွားရေးကို အထူးအာရုံစိုက်လာကြပါတယ်။ တရုတ်ပြည်ကလည်း စီးပွားရေး၊ စစ်ရေးမှာ အရှိန်အဟုန်နဲ့ထိုးတက်နေတာမို့ တရုတ်ကို ကပ်နေတဲ့ဗမာစစ်အစိုးရကို အထူးအာရုံစိုက်လာကြပါတယ်။ ဗကပ ကွန်မြူနစ်ကို ထောက်ခံတဲ့ တရုတ်အစိုးရ သဘောထားပြောင်းသွားတာဟာ ဗမာစစ်အစိုးရ ကံကောင်းတယ်လို့ ပြောနိုင်ပါတယ်။ စီးပွားရေးချွတ်ခြုံကျလာတဲ့ မဆလအစိုးရဟာ ဒီမိုကရေစီအရေးတော်ပုံကာလ ၁၉၈၈ ဩဂုတ်လ ၆ ရက်နေ့မှာ တရုတ်–မြန်မာ နယ်ခြားကုန်သွယ်ရေးသဘောတူချက်ကို လက်မှတ်ရေးထိုးခဲ့ပါတယ်။ အဲဒီအချိန်ကစပြီး မြန်မာပြည်ဟာ ဈေးပေါတဲ့ တရုတ်ကုန်ပစ္စည်းရောင်းချရာနေရာ ဖြစ်လာပါတယ်။

ဖဆပလနဲ့ မဆလခေတ်မှာ ဗမာအစိုးရဟာ တရုတ်အန္တရာယ်ကို ကြောက်ရွံ့စိုးရိမ်ခဲ့ပေမယ့် နဝတ/နအဖခေတ်မှာတော့ တရုတ်ကို အကြီးအကျယ် မှီခိုအားထားနေတာဟာ အလွန်ထူးခြားတဲ့ကိစ္စဖြစ်ပါတယ်။ ၁၉၉၁ ဒီဇင်ဘာလမှာ Marvin Ott ရန်ကုန်ရောက်စဉ်က ဒီကိစ္စနဲ့ပတ်သက်ပြီး ဗိုလ်ခင်ညွန့်ရဲ့ ထောက်လှမ်းရေးအရာရှိအချို့ကိုမေးကြည့်တဲ့အခါ သူတို့ကလည်း တရုတ်ကို အထူးအာရုံစိုက်နေပေမယ့် အချင်းချင်းအငြင်းပွားတာမျိုး မရှိသလောက်ဘဲလို့ ဖြေကြောင်း သိရပါတယ်။ မဆလခေတ်မှာ အာဆီယံအဖွဲ့ထဲမပါဘဲ ဘေးထိုင်ဘိုင်ကျနေခဲ့တဲ့ ဗမာပြည်ကို ဒေသခံတွေအာရုံစိုက်လာတဲ့အကြောင်းရင်းတခုက တရုတ်ကိုမှီခိုလွန်းလို့ ဖြစ်ပါတယ်တဲ့။ တရုတ်အန္တရာယ်ကို ပိုပြီးစိုးရိမ်ကြပုံရပါတယ်။

အာဆီယံအဖွဲ့ကတော့ ဗမာစစ်အစိုးရကို အဖွဲ့ဝင်အဖြစ်လက်ခံပြီး ကူညီမယ်ဆိုရင် မြန်မာပြည်မှာ တရုတ်ဩဇာလွှမ်းမိုးမှု ကျဆင်းသွားလိမ့်မယ်လို့ ယူဆပါတယ်။ ဒါပေမဲ့ အာဆီယံအဖွဲ့ထဲ အပယ်ခံဗမာအစိုးရပါလာတဲ့အတွက် အဖွဲ့ကိုထိခိုက်နစ်နာတာမျိုးလည်း ရှိပါတယ်တဲ့။ စိတ်တူသဘောတူတွေပါဝင်တဲ့အဖွဲ့အစည်းမှာ အသွင်မတူသူလည်းပါဝင်လာတဲ့အတွက် အရင်လို သဟဇာတဖြစ်ဖို့ မလွယ်တော့ပါဘူးတဲ့။ ဗမာစစ်အစိုးရဟာ အာဆီယံအဖွဲ့ကို အကာအကွယ်ယူပြီး ထင်ရာလုပ်နိုင်တာမို့ တဖွဲ့လုံး နာမည်ပျက်နိုင်ပါတယ်။ ဗမာစစ်အစိုးရဟာ တရုတ်ရဲ့ကိုယ်စားလှယ်အဖြစ်ဆောင်ရွက်တာမို့ ဗမာကိုလက်ခံတာဟာ အာဆီယံအဖွဲ့ကို အကျိုးယုတ်စေနိုင်ပါတယ်တဲ့။

ကွန်ဂရက်လွှတ်တော်မှာ ဥပဒေပြဋ္ဌာန်းပြီး ဗမာစစ်အစိုးရကို ဒဏ်ခတ်အရေးယူနေတဲ့ အမေရိကန်ကလည်း မြန်မာပြည်ဆိုင်ရာသဘောထားကို ပြန်လည်ဆန်းစစ်သင့်တယ်လို့ Marvin Ott က ယူဆပါတယ်။ အမေရိကန်နိုင်ငံခြားရေးလမ်းစဉ်မှာ မကြာခဏ ပဋိပက္ခဖြစ်တတ်

တဲ့ ဦးတည်ချက်နှစ်မျိုးရှိပါတယ်တဲ့။ ပထမဦးတည်ချက်က လူ့အခွင့်အရေး၊ ဒီမိုကရေစီရေး စတဲ့ မူဝါဒရေးရာပိုင်းကို ဦးစားပေးပါတယ်။ ဒုတိယဦးတည်ချက်ကတော့ အမေရိကန်ရဲ့ လက်တွေ့ အကျိုးစီးပွားကိုသာ ဦးစားပေးပါတယ်။ ဗမာစစ်အစိုးရနဲ့ တရုတ်ကွန်မြူနစ်အစိုးရဟာ လူ့အခွင့် အရေးချိုးဖောက်ရာမှာ တူကြပေမယ့် အမေရိကန်အစိုးရဟာ ဗမာစစ်အစိုးရနဲ့ဆက်ဆံရာမှာ မူဝါဒ ရေးရာကို ရှေ့တန်းတင်ပြီး တရုတ်နဲ့ဆက်ဆံရာမှာတော့ လက်တွေ့အကျိုးစီးပွားကို ဦးစားပေးတဲ့ လမ်းစဉ်ကို ကျင့်သုံးပါတယ်။ ဒါကြောင့် ဗမာစစ်အစိုးရကို ဒဏ်ခတ်အရေးယူပြီး တရုတ်ကိုတော့ ကုန်သွယ်ရေးအခွင့်ထူးတွေ ပေးခဲ့တာဖြစ်ပါတယ်။

ဗမာပြည်နဲ့ဆက်ဆံရာမှာ မူဝါဒရေးရာလမ်းစဉ်ကို အမေရိကန် ဦးစားပေးရတဲ့ အကြောင်းရင်း ၃ ခုကိုလည်း ရှင်းပြထားပါတယ်။ ပထမအကြောင်းက အထီးကျန်ဖြစ်တဲ့ ဗမာပြည်ကို စစ်အေးခေတ်မှာ အမေရိကန်က လျစ်လျူရှုတဲ့အစဉ်အလာရှိခဲ့လို့ပါပဲ။ ဒုတိယ အကြောင်းက ၁၉၈၈ ဒီမိုကရေစီအရေးနဲ့ ၁၉၉၀ ရွေးကောက်ပွဲနဲ့ ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်တဲ့ နိုင်ငံရေးလှုပ်ရှားမှုကို ထောက်ခံတဲ့အတွက် မူဝါဒရေးရာကို အမေရိကန်က ရှေ့တန်း တင်ထားတာပါပဲ။ တတိယအကြောင်းကတော့ မူဝါဒကိုဦးစားပေးပြီး ဗမာအစိုးရနဲ့ဆက်ဆံလို့ အမေရိကန်အကျိုးစီးပွားကို မထိခိုက်နိုင်တာပဲဖြစ်ပါတယ်။ တရုတ်၊ မြောက်ကိုရီးယား၊ ကျူးဘား စတဲ့ နိုင်ငံတွေနဲ့ဆက်ဆံရာမှာ အမေရိကန်အစိုးရအနေနဲ့ ငဲ့ကွက်စရာတွေရှိနေပေမယ့် ဗမာ စစ်အစိုးရနဲ့ဆက်ဆံရာမှာတော့ ငဲ့ညှာစရာမရှိတဲ့အတွက် မူဝါဒပေါ်အခြေခံတဲ့ နိုင်ငံခြားရေး လမ်းစဉ်ကို လွတ်လွတ်လပ်လပ် ကျင့်သုံးနိုင်တာပါပဲ။

ဒါပေမယ့် ဒီနေရာမှာ တရုတ်အခန်းကဏ္ဍကြီးမားလာတာကိုလည်း အမေရိကန်က သတိထားသင့်တယ်လို့ Marvin Ott က မြင်ပါတယ်။ အင်အားကြီးနိုင်ငံဖြစ်လာတဲ့ တရုတ်ဟာ အရှေ့တောင်အာရှကို အန္တရာယ်ပေးနိုင်တဲ့အနေအထားကို ရောက်နေပါပြီ။ တရုတ်နဲ့ပတ်သက် ပြီး မြန်မာပြည်ဆိုင်ရာ အမေရိကန်သဘောထားကို ပြန်လည်ဆန်းစစ်သင့်တယ်လို့ ဆိုပါတယ်။ အထီးကျန်ဘဝမှာ အနှစ် ၃၀ လောက်နေလာတဲ့ ဗမာစစ်အစိုးရကို အပယ်ခံဖြစ်အောင် လုပ်နေ လို့ အကြောင်းထူးမှာမဟုတ်ပါဘူးတဲ့။

အမေရိကန်က အကန့်အသတ်နဲ့ဆက်ဆံမယ်ဆိုရင် မျိုးဆက်သစ်ခေါင်းဆောင်တွေ၊ ဒုတိယစစ်ခေါင်းဆောင်တွေနဲ့ အရာရှိငယ်တွေဟာ အပြင်လောကနဲ့ထိတွေ့လာပြီး လက်ရှိ စစ်အစိုးရရဲ့အမှားကို မြင်လာနိုင်ပါတယ်တဲ့။ ဒီလိုအကန့်အသတ်နဲ့ဆက်ဆံရင် လူ့အခွင့်အရေး ချိုးဖောက်မှုကို အရင်လိုပဲ ဝေဖန်နိုင်ပါတယ်တဲ့။ ဒါကြောင့် ပြောင်းလဲလာတဲ့အခြေအနေကိုလိုက်ပြီး အမေရိကန်ရဲ့ မြန်မာပြည်ဆိုင်ရာသဘောထား ပြောင်းလဲသင့်တယ်လို့ Marvin Ott က သုံးသပ်ထားပါတယ်။

☆ ☆ ☆

# (၄)

## ဒေသဆိုင်ရာလုံခြုံရေးနဲ့ မြန်မာနိုင်ငံ

ဒေသဆိုင်ရာလုံခြုံရေးမှာ မြန်မာနိုင်ငံပါဝင်နိုင်မယ့်အခန်းကဏ္ဍနဲ့ပတ်သက်ပြီး သုံးသပ်ထားတဲ့ စာတမ်းကို မြန်မာ့ဒီမိုကရေစီအလားအလာ အပိုင်း ၄ မှာ တင်ပြလိုက်ပါတယ်။ စာတမ်းပြုစုသူကတော့ Australia နိုင်ငံ Victoria ပြည်နယ်က Deakin တက္ကသိုလ်ကထိက J.Mohan Malik ဆိုသူပဲဖြစ်ပါတယ်။ ကာကွယ်ရေးနဲ့ လုံခြုံရေးကိစ္စမှာ စာတမ်းအများအပြား ပြုစုထားသူပါပဲ။ မြန်မာပြည်ဟာ သဘာဝသယံဇာတကြွယ်ဝပြီး အိန္ဒိယ၊ တရုတ်နဲ့ အရှေ့တောင်ဒေသအကြားမှာ တည်ရှိတာမို့ ဒေသရေးရာမှာ အဓိကအခန်းက ပါဝင်နိုင်မယ့် အလားအလာရှိပါတယ်။ ဒါပေမယ့် ဗမာစစ်အစိုးရအသုံးမကျတဲ့အတွက် တရုတ်လက်အောက်ခံဘဝကို ရောက်ရှိလာရပါတယ်တဲ့။ ဒါကြောင့် မြန်မာပြည်ဟာ အသုံးချခံဘဝကနေ လွတ်လပ်တဲ့ဇာတ်ကောင်အဖြစ် ပါဝင်နိုင်မလား ဆိုတာကို Mohan Malik က သုံးသပ်ထားတာပါပဲ။

တရုတ်၊ အိန္ဒိယနဲ့ အရှေ့တောင်အာရှဆက်ဆံရေးမှာ ဗမာစစ်အစိုးရ ဘယ်လိုအခန်းကပါဝင်တယ်ဆိုတာကို သုံးသပ်ထားတာဖြစ်ပါတယ်။ မြန်မာပြည်ကို အိမ်နီးချင်းနိုင်ငံတွေက အန္တရာယ်မပေးပေမယ့် တိုင်းရင်းသားပုန်ကန်ထကြွမှုနဲ့ ဒီမိုကရေစီလှုပ်ရှားမှုရှိနေတာမို့ ဗမာ့တပ်မတော်ရဲ့တာဝန်ဟာ ပြည်တွင်းနိုင်ငံရေးလှုပ်ရှားမှုကို နှိမ်နင်းဖို့ဖြစ်နေပါတော့တယ်။ စစ်အာဏာရှင်စနစ်တည်မြဲရေးအတွက် ၁၉၈၈ ဒီမိုကရေစီအရေးတော်ပုံကိုချေမှုန်းလိုက်တဲ့ ဗမာစစ်အစိုးရဟာ ကမ္ဘာ့အပယ်ခံဘဝရောက်သွားပြီး မျက်ဖြူဆိုက်လာတဲ့အတွက် တရုတ်ကို မှီခိုအားထားလာရပါတယ်။ အိန္ဒိယနဲ့တရုတ်အကြားမှာ လွတ်လပ်တဲ့ ကြားခံနိုင်ငံအဖြစ် တည်ရှိခဲ့တဲ့မြန်မာပြည် တရုတ်သြဇာခံဖြစ်လာတာကို အိန္ဒိယက စိုးရိမ်ပါတယ်။ အိန္ဒိယအနောက်ဘက်က ပါကစ္စတန်နဲ့ အိန္ဒိယအရှေ့ဘက်က မြန်မာနဲ့ဘင်္ဂလားဒေ့ရှ်မှာ တရုတ်သြဇာကြီးမားလာတာဟာ အိန္ဒိယအစိုးရအတွက် ရတက်မအေးစရာဖြစ်နေပါတယ်။

ကမ္ဘောဒီးယားက ခမာနီကွန်မြူနစ်ကို တရုတ်က အသုံးချသလို ဗမာစစ်အစိုးရကို အသုံးချမယ်ဆိုရင် ဒေသဆိုင်ရာလုံခြုံရေး ယိုယွင်းလာနိုင်တယ်လို့တောင် တွေးကြောက်သူတွေ ရှိလာပါတယ်။ တချို့ကလည်း ဗမာပြည်ကို တိဘက်ပြည်လို ဖြစ်သွားအောင် တရုတ်က လုပ်နေတာလို့ တွေးတောနေကြပါတယ်။ တရုတ်ဟာ စီးပွားရေးနဲ့ မဟာဗျူဟာရေးကြောင့် ဗမာစစ်အစိုးရနဲ့ လက်တွဲနေတာပါ။ မြန်မာပြည်နဲ့ ရောင်းဝယ်ဖောက်ကားရုံသာမကဘဲ မြန်မာပြည်ကတဆင့် ဘင်္ဂလားပင်လယ်ကွေ့အထိ သွားလာနိုင်မယ်ဆိုရင် တရုတ်ကုန်သွယ်ရေးအတွက် အများကြီးအကျိုးရှိနိုင်ပါတယ်။ မြန်မာ့ပင်လယ်ပြင်ဟာ တရုတ်ရဲ့မဟာဗျူဟာမှာ အရေးကြီးတဲ့အခန်းကပါဝင်နေပါတယ်။ တရုတ်ရဲ့ နိုင်ငံခြားကုန်သွယ်ရေးမှာ ၈၅ ရာခိုင်နှုန်းကို ပင်လယ်ရေကြောင်းကသယ်ယူပို့ဆောင်တာမို့ ဒီလမ်းကြောင်းလုံခြုံဖို့ အရေးကြီးပါတယ်။

ဒီနေရာမှာ တရုတ်ရေတပ် လွတ်လပ်စွာသွားလာလှုပ်ရှားနိုင်ဖို့ကိစ္စဟာ အရေးကြီးလာပါတယ်။ အိန္ဒိယသမုဒ္ဒရာမှာသွားလာတဲ့ တရုတ်သင်္ဘောတွေဟာ ဗမာ့ကမ်းရိုးတန်းမှာ အနားယူ

နိုင်ပါတယ်။ မြန်မာ့ဆိပ်ကမ်းကို တိုက်ရိုက်ချုပ်ကိုင်ဖို့ တရုတ်အစိုးရက စိတ်မကူးပါဘူး။ အိန္ဒိယသမုဒ္ဒရာမှာ လွတ်လပ်စွာသွားလာနေစဉ် မြန်မာ့ဆိပ်ကမ်းတွေကိုအသုံးပြုနိုင်ရင် ပြီးတာပါပဲ။ ကြားခံနိုင်ငံလေးတွေကို အိန္ဒိယနဲ့ တရုတ်လို နိုင်ငံကြီးတွေက လေးစားချိန်မှာ ငြိမ်းချမ်းနေပြီး ကြားခံနိုင်ငံကိုသိမ်းပိုက်လိုက်တာနဲ့ စစ်ဖြစ်တော့တာပဲလို့ ဆိုပါတယ်။ ကြားခံနိုင်ငံ တိဘက်ကို တရုတ်သိမ်းပြီး နှစ်အနည်းငယ်အတွင်း အိန္ဒိယနဲ့တရုတ် စစ်ဖြစ်တော့တာပါပဲ။ မြန်မာပြည်ဟာ တရုတ်သြဇာခံဖြစ်လာရင် တိဘက်လိုများဇာတ်သိမ်းသွားမလားလို့ အိန္ဒိယအစိုးရနဲ့ မဟာဗျူဟာလေ့လာသူတွေက စဉ်းစားနေပါတယ်။ တရုတ်–ဗမာ စီးပွားရေးလုပ်တာကို အိန္ဒိယက မပူဘဲ စစ်ရေးမဟာမိတ်လုပ်နေတာကိုသာ စိုးရိမ်တာဖြစ်ပါတယ်။ မြန်မာပြည်ကိုခုတုံးလုပ်ပြီး အိန္ဒိယသမုဒ္ဒရာမှာ တရုတ်ရေတပ်ကျက်စားလာမှာကို အိန္ဒိယအစိုးရက မလိုလားပါဘူး။

အင်အားကြီးနိုင်ငံဖြစ်လာတဲ့ တရုတ်ရဲ့သြဇာခံ အမှုသည်ဘဝမှာနေမလား ဒါမှမဟုတ်လည်း တရုတ်သြဇာခံမဖြစ်အောင် တန်ပြန်ထိန်းသိမ်းထားမလားဆိုတဲ့ နည်းလမ်းနှစ်မျိုးထဲက တနည်းကိုသာ ဗမာက ရွေးစရာရှိပါတယ်တဲ့။ တရုတ်သြဇာအာဏာ မကျယ်ပြန့်ဖို့ကိုသာ အာရှနိုင်ငံတွေက လိုလားကြပါတယ်။ အိန္ဒိယအစိုးရဆိုရင် ဒီဦးတည်ချက်အရ အမေရိကန်၊ ဂျပန်နဲ့ အရှေ့တောင်အာရှကို ဆက်ဆံနေတာပါပဲ။ ရေရှည်ကြည့်မယ်ဆိုရင် မြန်မာပြည်မှာ ဒီမိုကရေစီထွန်းကားမှ အိန္ဒိယရဲ့လုံခြုံရေး စိတ်ချရမှာဖြစ်ပေမယ့် လတ်တလောအကျိုးစီးပွားကိုကြည့်ပြီး ဗမာစစ်အစိုးရနဲ့ ဆက်ဆံနေရတာဖြစ်ပါတယ်။ မြန်မာပြည်ဟာ အိန္ဒိယ–တရုတ်ပဋိပက္ခကို မီးမွှေးပေးနိုင်တဲ့ အနေအထားကိုရောက်နေပြီလို့ အိန္ဒိယဘက်က ယူဆပါတယ်။

အာဆီယံ (ခေါ်) အရှေ့တောင်အာရှနိုင်ငံများအဖွဲ့ကတော့ အိန္ဒိယ–တရုတ် မဟာဗျူဟာပြိုင်ဆိုင်မှုမှာမပါဝင်ဘဲ ဒေသဆိုင်ရာလုံခြုံရေးအတွက် မီးစင်ကြည့်ကဖို့သာ ရည်ရွယ်ပါတယ်တဲ့။ ပထဝီအနေအထားအရဆိုရင် ဗမာနဲ့ ဗီယက်နမ်ဟာ တရုတ်သြဇာခံဖြစ်ဖို့ အလားအလာ အများဖြစ်နေတဲ့အတွက် မြန်မာကို အာဆီယံက ဘယ်တော့မှဝိုင်းပယ်မှာမဟုတ်ပါဘူးတဲ့။ အိမ်နီးချင်းကို မဆက်ဆံလို့ မဖြစ်တာကြောင့် အာဆီယံဟာ ဗမာစစ်အစိုးရကို ဒဏ်ခတ် အရေးယူမှာမဟုတ်ပါဘူး။ ဒါကြောင့်လည်း ဗမာစစ်အစိုးရကို အဖွဲ့ဝင်အဖြစ် လက်ခံခဲ့တာဖြစ်ပါတယ်။ ကမ္ဘာ့အပယ်ခံ ဗမာစစ်အစိုးရ ဒေသရေးရာမှာပါဝင်လာအောင် စီစဉ်လိုက်တာပါပဲ။ ဒါပေမဲ့ ဗမာစစ်အစိုးရကတော့ ဒီလိုလူရာသွင်းခံရတာကို အခွင့်ကောင်းယူပြီး စစ်အာဏာရှင်စနစ် အခြေခိုင်ရေးကိုသာ လုံးပန်းနေတာ တွေ့ရပါတယ်တဲ့။

အာရှဒေသလုံခြုံရေးအတွက် မြန်မာပြည်ဟာ ဘက်မလိုက်ဘဲ ကြားနေပြီး တိုးတက်ဖွံ့ဖြိုးတဲ့ ဒီမိုကရေစီနိုင်ငံဖြစ်လာဘို့ လိုအပ်ပါတယ်။ ဒါပေမဲ့ လောလောဆယ်မှာတော့ တရုတ်ကို အားကိုးလွန်းတဲ့မြန်မာနိုင်ငံဟာ ဒေသရေးရာမှာ လွတ်လပ်စွာ ပါဝင်လှုပ်ရှားနိုင် မှာမဟုတ်ဘူးလို့ ဆိုပါတယ်။ တရုတ်အားကိုးလို့ ဗမာစစ်အစိုးရသက်ဆိုးရှည်နေပေမယ့် ဒီလမ်းစဉ်ဟာ တိုင်းပြည်အတွက် မကောင်းပါဘူး။ ဗမာဗိုလ်ချုပ်တွေဟာ လွတ်လပ်စွာမလှုပ်ရှားနိုင်ဘဲ တရုတ်မျက်နှာ ကြည့်နေရပါတယ်။ မြန်မာ့ပြည်တွင်းရေးမှာမစွက်ဖက်ဖို့နဲ့ မြန်မာ့အချုပ်အခြာအာဏာကို လေးစားဖို့အတွက် တရုတ်ကြီးကို ပုံမှန် ရှိခိုးနေရပါတယ်တဲ့။ မြန်မာနိုင်ငံကို အာဆီယံအဖွဲ့

မပြောနဲ့ အမေရိကန်တောင် ကယ်နိုင်မှာမဟုတ်ဘူးလို့ စက်ာပူခေါင်းဆောင် လီကွမ်ယု မှတ်ချက်ချထားတာကိုလည်း ဖော်ပြထားတာတွေ့ရပါတယ်။

တရုတ်အစိုးရရဲ့မဟာဗျူဟာကတော့ လာမယ့်အနှစ် ၅၀ အတွင်း အာရှပစိဖိတ်ဒေသမှာ ပြိုင်ဘက်ကင်းတဲ့ မဟာအင်အားကြီးနိုင်ငံ ဖြစ်လာဖို့ပါပဲ။ ဒါကြောင့် စစ်အေးခေတ်ကလို အင်အားကြီးနိုင်ငံတွေ ပြိုင်ဆိုင်လာပါလိမ့်မယ်။ အိန္ဒိယနဲ့ဂျပန်ဟာ အာဆီယံအဖွဲ့နဲ့ပူးပေါင်းပြီး တရုတ်ကြီးစိုးမှုကိုဟန့်တားဖို့ ကြိုးပမ်းပါလိမ့်မယ်။ တရုတ်ကလည်း အမှုသည်နိုင်ငံတွေဖြစ်တဲ့ ပါကစ္စတန်နဲ့ မြန်မာကိုအသုံးချပြီး ဩဇာအာဏာကျယ်ပြန့်လာအောင် လုံးပန်းပါလိမ့်မယ်။ တရုတ်အမှုသည်ဘဝက ဗမာအစိုးရ ရုန်းထွက်သွားမှာကို တရုတ်ကြီးက လိုလားမှာ မဟုတ်ပါဘူး။ ဗမာစစ်အာဏာရှင်နဲ့ တရုတ်ကွန်မြူနစ်ဟာ အမြင်ချင်းတူကြတာမို့ မြန်မာပြည် ဒီမိုကရေစီရတာကို တရုတ်က လိုလားမှာမဟုတ်ပါဘူးတဲ့။ ဒါကြောင့် တရုတ်ကိုမှီခိုတဲ့ ဗမာစစ်အစိုးရဟာ ဒေသဆိုင်ရာလုံခြုံရေးမှာ လွတ်လပ်စွာပါဝင်လှုပ်ရှားနိုင်ဖို့ အလားအလာမရှိကြောင်း Mohan Malik ကသုံးသပ်ထားတာကို တင်ပြလိုက်ပါတယ်။

☆ ☆ ☆

# (၅)

## မြန်မာ့ပြည်တွင်းစစ်နဲ့ တိုင်းရင်းသားပုန်ကန်မှု

မြန်မာ့ပြည်တွင်းစစ်နဲ့ တိုင်းရင်းသားပုန်ကန်မှုအကြောင်း စက်ာပူတက္ကသိုလ် မနုဿဗေဒကထိက Ananda Rajah ရေးသားထားတဲ့စာတမ်းကို မြန်မာ့ဒီမိုကရေစီအလားအလာ အပိုင်း ၅ မှာ တင်ပြလိုက်ပါတယ်။ တိုင်းရင်းသားလက်နက်ကိုင်လှုပ်ရှားမှု နှစ်ပေါင်းများစွာဖြစ်ပွားနေတဲ့ မြန်မာပြည်ကို ဥပဒေသဘောအရ နိုင်ငံတော်လို့သာခေါ်ရတယ် လက်တွေ့မှာတော့ နိုင်ငံတော်ရဲ့ အသွင်လက္ခဏာ ပီပီပြင်ပြင်မရှိတဲ့အတွက် ချည့်နဲ့သောနိုင်ငံတော်လို့ပဲ ခေါ်ရပါလိမ့်မယ်တဲ့။

လွတ်လပ်ရေးရပြီးမကြာမီ ကွန်မြူနစ်ပါတီနဲ့ ကရင်အမျိုးသားအစည်းအရုံး ရှေ့ဆင့်နောက်ဆင့် လက်နက်ကိုင်တော်လှန်ရေးဆင်နွှဲကြပြီး ၁၉၆၂ မှာ ဗိုလ်နေဝင်း စစ်အာဏာရှင်စနစ်တည်ထောင်တဲ့အခါ လက်နက်ကိုင်တော်လှန်တဲ့ တိုင်းရင်းသားဦးရေ တိုးပွားလာပါတယ်။ ၁၉၈၈ ဒီမိုကရေစီအရေးတော်ပုံကို စစ်တပ်ကချေမှုန်းတဲ့အခါ ဗမာတိုင်းရင်းသား ကျောင်းသားလူငယ်တွေပါ လက်နက်ကိုင်တော်လှန်ရေးမှာ ပါဝင်လာကြပါတယ်။ ချင်းကျောင်းသားကလည်း ချင်းအမျိုးသားတပ်ဦးကိုတည်ထောင်ပြီး လက်နက်ကိုင်လာတဲ့အတွက် ၁၉၉၀ မှာ လက်နက်ကိုင်တော်လှန်ရေးအဖွဲ့ပေါင်း ၂၅ ဖွဲ့ ရှိနေပြီလို့ Ananda Rajah က မှတ်တမ်းတင်ထားပါတယ်။ ဒါပေမယ့် ဗကပ ကွန်မြူနစ်ပါတီပြိုကွဲသွားတာကို အခွင့်ကောင်းယူပြီး ဗမာစစ်အစိုးရဟာ ကိုးကန့်အုပ်စု၊ ဝ အုပ်စုနဲ့ အပစ်အခတ်ရပ်စဲရာက အခြားလက်နက်ကိုင်အဖွဲ့တွေနဲ့ပါ အပစ်အခတ် ရပ်စဲနိုင်ခဲ့ပါတယ်။ တချိန်တည်းမှာပဲ စစ်တပ်ကိုတိုးချဲ့ဖွဲ့စည်းပြီး အားသစ်လောင်းနိုင်တဲ့အတွက် ပြည်တွင်းစစ်မှာ စစ်အစိုးရက အပေါ်စီးရသွားပါတယ်တဲ့။

တိုင်းရင်းသားလက်နက်ကိုင်လှုပ်ရှားမှုကို လေ့လာရာမှာ ဝိရောဓိဆန့်ကျင်မှု၊ သဟဇာတ မဖြစ်မှု၊ ရှေ့နောက်မဆီလျော်မှု၊ ကျိုးကြောင်းမညီညွတ်မှု၊ ရှေ့နောက်မညီတဲ့အမှန်တရား သမ္မုတိ ဝိရောဓိ စတာကို တွေ့ရတယ်လို့ ဆိုပါတယ်။ ဥပမာဆိုရင် မိမိတို့ဟာ လူမျိုးတမျိုးတည်းပါလို့ ကြွေးကြော်နေတဲ့ တိုင်းရင်းသားအုပ်စုထဲမှာ အချင်းချင်းစည်းလုံးညီညွတ်အောင် မလုပ်နိုင်မှု၊ ရှမ်းတရုတ်လို ကပြားတွေက တိုင်းရင်းသားခေါင်းဆောင်ဖြစ်နေမှု၊ လက်နက်ကိုင်လှုပ်ရှားမှုကို မကြာခဏ အမည်ပြောင်းမှု၊ ဂိုဏ်းဂဏအကွဲအပြဲနဲ့ ခွဲထွက်မှု၊ ရန်သူဟောင်းနဲ့ မဟာမိတ်ဖွဲ့မှု စတာတွေကြောင့် ဘုံရန်သူ ဗမာစစ်အစိုးရကို တိုက်ရာမှာ ရေရှည်ခံတဲ့ညီညွတ်ရေးတပ်ဦးကို တိုင်းရင်းသားတွေ မတည်ဆောက်နိုင်တာလို့ Ananda Rajah က ယူဆပါတယ်။ ဗမာစစ်အစိုးရ ရဲ့လုပ်ရပ်ထဲမှာလည်း ကျိုးကြောင်းမဆီလျော်တာတွေ အများကြီးရှိပါတယ်။ ဒီလို ကျိုးကြောင်း မဆီလျော်တာတွေ ဆန့်ကျင်ဘက်ဝိရောဓိတွေကို အသေအချာ ခွဲခြမ်းစိတ်ဖြာသုံးသပ်တာမျိုး မလုပ်ကြသေးပါဘူးတဲ့။ ဒါကြောင့် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးမှာ ပါဝင်သူတွေ ကိုယ်တိုင် ဒီပြဿနာတွေကို ဘယ်လိုမြင်သလဲဆိုတာကို သိဖို့လိုပါတယ်တဲ့။

လွတ်လပ်ရေးခေတ် ရှမ်းပြည်သမိုင်းမှာ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေး၊ ဗကပ ကွန်မြူနစ်လှုပ်ရှားမှု၊ KMT တရုတ်ဖြူ လှုပ်ရှားမှု၊ မူးယစ်ဆေးထုတ်လုပ်မှု စတာတွေ ရောထွေး ပါဝင်နေပါတယ်။ တရုတ်ပြည်တွင်းစစ်မှာ စစ်ရှုံးတဲ့ KMT တရုတ်ဖြူတပ်ရင်းအချို့ ရှမ်းပြည်ထဲ ဝင်ရောက်စခန်းချတာကို တိုက်ထုတ်ဖို့အတွက် စစ်တပ်စေလွှတ်ရာက ရှမ်းပြည်မှာ စစ်အုပ်ချုပ် ရေး ကျင့်သုံးပြီး ဖိနှိပ်ညှဉ်းပန်းတော့တာပါပဲ။ ဒါကြောင့် ရှမ်းပြည်မှာ လက်နက်ကိုင်တော်လှန်ရေး အဖွဲ့ပေါင်း ၁၀ ဖွဲ့လောက်ပေါ်ထွက်လာပါတယ်။ ဘုံရန်သူဗမာစစ်အစိုးရကို ထိထိမိမိတိုက်ခိုက် နိုင်ဖို့ ရှမ်းညီညွတ်ရေးတပ်ဦးကို တည်ထောင်ဖို့ ကြိုးစားခဲ့ပေမယ့် မအောင်မြင်တာကများနေပါ တယ်။

ရှမ်းပြည်မှာ အကျိုးစီးပွားအမျိုးမျိုး အုပ်စုအမျိုးမျိုးရှိပါတယ်။ နိုင်ငံရေးစိတ်မဝင်စားတဲ့ တရုတ်လုပ်ငန်းရှင်တွေက လက်နက်ပစ္စည်းနဲ့ ဘိန်းရောင်းဝယ်မှုကို လုပ်ကိုင်ကြပါတယ်။ ရှမ်း ခေါင်းဆောင်အချို့ဟာ ဩဇာအာဏာကြီးမားအောင်သာ အပြိုင်အဆိုင်ကြိုးပမ်းကြပြီး ယုတ္တိရှိတဲ့ နိုင်ငံရေးမူဝါဒ မချမှတ်နိုင်ဘဲ ဖြစ်နေပါတယ်တဲ့။ ဒီလိုအခြေအနေမှာ ဗမာစစ်အစိုးရက ရှမ်းအဖွဲ့ တွေနဲ့ပူးပေါင်းဆောင်ရွက်လိုက် သပ်လျှိုလိုက်နဲ့ ဝင်ရောက်မွှေနှောက်နေတာကြောင့် ရှမ်း တော်လှန်ရေးမှာ ညီညွတ်ရေးမရနိုင်တာလို့ တော်လှန်ရေးခေါင်းဆောင်တဦးဖြစ်သူ ချောင်ဖ ရောင်ဝေ (ခေါ်) Eugene Thaike က ပြောပါတယ်တဲ့။ Eugene Thaike ဟာ ပထမဆုံးသော မြန်မာနိုင်ငံသမတ စောရွှေသိုက်ရဲ့သားဖြစ်ပြီး မကြာမီကဘဲ ကနေဒါနိုင်ငံမှာ ကွယ်လွန်သွားပါ တယ်။ ရှမ်းလက်နက်ကိုင်တော်လှန်ရေးမှာ ခေတ်မမီတဲ့ မဆီလျော်တော့တဲ့ နိုင်ငံရေးအတွေး အခေါ် ရှိနေလို့ ခေတ်ပညာတတ် Eugene Thaike က ပြုပြင်ဖို့ ကြိုးစားခဲ့တာပါတဲ့။

စစ်အာဏာရှင်ဆန့်ကျင်ရေးနဲ့ ဖက်ဒရယ်နိုင်ငံတော်တည်ထောင်ရေးအတွက် ရှေ့တန်းက ဦးဆောင်နေသူဟာ KNU ကရင်အမျိုးသားအစည်းအရုံးဖြစ်ပါတယ်တဲ့။ မာနယ်ပလောမှာ ၁၉၇၆ က အမျိုးသားဒီမိုကရက်တစ်တပ်ဦး တည်ထောင်ကတည်းက တိုင်းရင်းသားလက်နက်

ကိုင်တော်လှန်ရေးကို ကရင်က ဦးဆောင်လာခဲ့တာပါ။ ၁၉၈၈ အရေးတော်ပုံပြိုကွဲလို့ ကျောင်းသားလူငယ်တွေ လက်နက်ကိုင်တော့လည်း ကရင်ကပဲ အများဆုံးကူညီခဲ့ပါတယ်။ အဲဒီကစပြီး တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးမှာ ဗမာတိုင်းရင်းသားပါ ပါဝင်လာပြီး တိုင်းရင်းသားညွန့်ပေါင်းတွေကို KNU နယ်မြေမှာ တည်ထောင်ပါတယ်။

ဖက်ဒရယ်နိုင်ငံ တည်ထောင်ဖို့ ၁၉၉၂ ဂျူလိုင်လမှာ မာနယ်ပလောသဘောတူချက်ကို ကြေညာနိုင်တဲ့အထိ တိုင်းရင်းသားအရေးမှာ ကရင်ဟာ အချက်အချာဖြစ်လာတာမို့ ကရင်ဌာနချုပ်ကို ဖြိုခွင်းရေးဟာ ဗမာစစ်အစိုးရရဲ့ အဓိကဦးတည်ချက် ဖြစ်လာပါတော့တယ်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေ ကရင်နဲ့သွားပေါင်းမှာစိုးလို့ အပစ်အခတ်ရပ်စဲရေးကို ဗမာစစ်အစိုးရက ကမန်းကတန်း လုပ်လိုက်ရတာပါ။ အပစ်အခတ်ရပ်စဲတဲ့အဖွဲ့တွေဟာ မူဝါဒပိုင်းမှာ မာနယ်ပလောသဘောတူချက်ကိုထောက်ခံပြီး လက်တွေ့မှာတော့ မကောင်းဆိုးဝါးနဲ့ လက်တွဲတဲ့သဘောပါပဲ။ ကရင်ကတော့ အပြောတမျိုး အလုပ်တမျိုး မလုပ်ချင်တဲ့အတွက် ဗမာစစ်အုပ်စုနဲ့ သဘောတူချက် မရနိုင်သေးတာ ဖြစ်ပုံရပါတယ်တဲ့။

အပစ်အခတ်ရပ်စဲရေးသဘောတူချက်အရ လက်နက်ကိုင်တိုင်းရင်းသားအဖွဲ့တွေက ဗမာစစ်အစိုးရကို အသိအမှတ်ပြုရပြီး စစ်အစိုးရကလည်း တိုင်းရင်းသားအဖွဲ့တွေကို လက်နက်ကိုင်ခွင့်၊ စီးပွားရေးလုပ်ခွင့်နဲ့ မူးယစ်ဆေးထုတ်လုပ်ခွင့် ပေးထားရပါတယ်။ ဗမာစစ်အစိုးရရဲ့ အာဏာစက်ဟာ တိုင်းရင်းသားလက်နက်ကိုင်နယ်မြေမှာ မထိရောက်တော့တဲ့အတွက် အပစ်အခတ်ရပ်စဲရေး သဘောတူချက်ဟာ ဖက်ဒရယ်ပုံစံကို လက်တွေ့ကျင့်သုံးလိုက်သလို ဖြစ်နေပါတယ်တဲ့။

စောစောကပြောတဲ့ ဆန့်ကျင်ဘက်ဖြစ်မှု၊ သဟဇာတမဖြစ်မှု၊ ရှေ့နောက်မဆီလျော်မှု၊ ကျိုးကြောင်းမညီညွတ်မှု စတာတွေ ရှိနေရတဲ့အကြောင်းရင်းကတော့ မြန်မာပြည်ဟာ ခလေ့မျိုးစုံရှိတဲ့ ရှေးဟောင်းလူ့ဘောင် ဖြစ်နေလို့ပါပဲတဲ့။ ဗမာစစ်အစိုးရ၊ ဘိန်းမှောင်ခိုခွန်ဆာနဲ့ အခြားတိုင်းရင်းသားအုပ်စုတွေ အပစ်အခတ်ရပ်စဲနိုင်ကြတာဟာ အတွေးအခေါ်ချင်းတူတဲ့ ဒီပုတ်ထဲက ဒီပဲတွေ ဖြစ်နေလို့ပါပဲတဲ့။ မိမိအုပ်စုဝင်မဟုတ်သူ ကြီးစိုးတာကို မခံရရင်ပြီးရောဆိုပြီး သဘောတူချက်ရယူခဲ့တာပါ။ ကရင့်အတွေးအခေါ်ကတော့ အနောက်တိုင်းဆန်တဲ့အတွက် မူဝါဒကိုသာ စိုက်လိုက်မတ်တတ် လက်ကိုင်ထားလာတာကြောင့် အခုလိုအခြေအနေကို ရောက်ရှိနေတာ ဖြစ်ကြောင်း Ananda Rajah က သုံးသပ်ထားပါတယ်။

☆ ☆ ☆

## (၆)

## စစ်တပ်ရဲ့အခန်းကဏ္ဍ

ဗမာ့တပ်မတော်ရဲ့အခန်းကဏ္ဍနဲ့ပတ်သက်ပြီး သုတေသီ Andrew Selth ၁၉၉၇ ကရေးတဲ့ စာတမ်းကို မြန်မာ့ဒီမိုကရေစီအလားအလာ အပိုင်း ၆ မှာ တင်ပြလိုက်ပါတယ်။ လူထုကရော ဒီမိုကရေစီနိုင်ငံတွေကပါ ထောက်ခံအားပေးနေတဲ့ ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်တဲ့ မြန်မာ့ ဒီမိုကရေစီလှုပ်ရှားမှုနဲ့ နအဖစစ်အစိုးရ နိုင်ငံခြားထောက်ခံမှုရဖို့ပြိုင်ဆိုင်ရာမှာ နှစ်ဘက်စလုံး အထိုက်အလျောက် အောင်မြင်နေတယ်လို့ ဆိုပါတယ်။ အနောက်တိုင်းဒီမိုကရေစီနိုင်ငံတွေ ဒဏ်ခတ်အရေးယူတာကို ခံနေရတဲ့ ဗမာစစ်အစိုးရကို တရုတ်နဲ့ အခြားအာရှနိုင်ငံတွေက အကူအညီပေးနေပါတယ်။ ဒါပေမယ့် နိုင်ငံခြားက ဘယ်လိုပဲကူကူ မြန်မာ့အနာဂတ်ကို မြန်မာ့ ပြည်တွင်းအခြေအနေကသာ ဆုံးဖြတ်ပါလိမ့်မယ်တဲ့။

စစ်တပ်ထောက်ခံတဲ့အဖွဲ့အစည်းကသာ မြန်မာပြည်မှာ အာဏာရနိုင်တာမို့ စစ်တပ်ရဲ့ နိုင်ငံရေးသဘောထားမှန်ကန်ဖို့ အလွန်အရေးကြီးပါတယ်။ ၁၉၉၀ မှာ ပြည်သူလူထု ရွေးကောက် တင်မြှောက်ခဲ့တဲ့ နိုင်ငံရေးအဖွဲ့အစည်း အခုထက်ထိအာဏာမရသေးတာ စစ်တပ်က မထောက်ခံ လို့ပါဘဲ။ တပ်တွင်းမှာ အကွဲအပြဲဖြစ်လို့ (ဒါမှမဟုတ်လည်း) စစ်ဆင်ရေးမှာ အကျအဆုံးများလို့ စစ်တပ်အားနည်းသွားရင်တော့ နိုင်ငံရေးအခြေအနေ ပြောင်းလဲသွားနိုင်ပါတယ်တဲ့။ ဒါပေမယ့် နဝတ/နအဖလက်ထက်မှာ မဆလခေတ်ကထက် အဆပေါင်းများစွာ စစ်အင်အား တိုးပွားလာ ပါတယ်။

၁၉၈၈ ကစပြီး စစ်တပ်တိုးချဲ့ပုံကို အသေးစိတ်ရေးထားပါတယ်။ အင်အား တသိန်း ရှစ်သောင်းကျော်ရှိတဲ့စစ်တပ်ကို ၇ နှစ်အတွင်း နှစ်ဆတိုးလာအောင်လုပ်နိုင်တာ တွေ့ရပါတယ် တဲ့။ ဘဏ္ဍာငွေမလုံလောက်လို့ ခြေလျင်လျော့ကနေရတဲ့ ဗမာ့တပ်မတော်မှာ ခြေမြန်တပ်နဲ့ ခြေလျင်တပ်ဆိုပြီး ကြည်းတပ်နှစ်မျိုးသာရှိပါတယ်။ တနည်းဆိုရင်ဖြင့် စက်ပစ္စည်းကိုအားမကိုးဘဲ လူအင်အားကိုအားကိုးတဲ့ စစ်တပ်ပါပဲ။ နဝတ/နအဖလက်ထက်ရောက်မှ တရုတ်အကူအညီ စစ်လက်နက်ပစ္စည်းသစ် ဝယ်ယူတာပါ။ ဒါကြောင့် နှစ်အနည်းငယ်အတွင်း လူအင်အားရော လက်နက်အင်အားပါ နှစ်ဆတိုးလာတယ်ဆိုတာဟာ လက်တွေ့မဟုတ်ဘဲ စာရွက်ပေါ်မှာ တိုးလာ တာလည်း ဖြစ်နိုင်ပါတယ်တဲ့။ အင်အားတဝက်သာရှိတဲ့တပ်ရင်းတွေကို နအဖခေတ်မှာ အမြဲတမ်း တွေ့နိုင်ပါတယ်။ တိုင်းပြည်အုပ်ချုပ်ရေးမှာ စစ်တပ်ပါဝင်လေလေ ဝါရင့်စစ်ဗိုလ် တပ်ထဲမှာ နည်း လေလေပါပဲ။ နိုင်ငံရေးနဲ့ လုံခြုံရေးကို စစ်တပ်ကဆက်ပြီး ချုပ်ကိုင်သွားမယ်ဆိုရင် တပ်ထဲမှာ အရာရှိမလုံလောက်တဲ့ပြဿနာ ပိုပြီးကြီးမားလာနိုင်ပါတယ်တဲ့။ လေ့ကျင့်ရေးမလုံလောက်မှု၊ စိတ်ဓာတ်ကျဆင်းမှု၊ စစ်သဘောတရားခေတ်နောက်ကျမှု၊ ခေါင်းဆောင်မှုညံ့ဖျင်းမှု စတဲ့ ပြဿနာတွေကို ဒီကနေ့ ရင်ဆိုင်နေရပါတယ်။ ဒီကြားထဲ စစ်တပ်တိုးချဲ့တော့ အရင်ကရှိတဲ့ ပြဿနာဟာ ပိုဆိုးလာပါတယ်။

လက်နက်ပစ္စည်း အဟောင်းအမြင်းကိုသုံးတဲ့ မဆလခေတ်တပ်မတော်ဟာ ခေတ်မီ

လက်နက်သုံးတဲ့ အိမ်နီးချင်းနိုင်ငံတွေကို မယှဉ်နိုင်ပါဘူး။ အပိုပစ္စည်းမရလို့ ရပ်ထားရတဲ့ စစ်ပစ္စည်းကများပါတယ်။ ဒါကြောင့် ၁၉၈၈ နောက်ပိုင်း စစ်တပ်တိုးချဲ့တာဟာ အိမ်နီးချင်းတွေနဲ့ရင်ဘောင်တန်းနိုင်အောင် ကြိုးစားတာလို့လည်း ပြောနိုင်ပါတယ်တဲ့။ ဒါပေမယ့် ခေတ်မီလက်နက် ရှိသေးတာ မဟုတ်ပါဘူး။ အခုသုံးနေတဲ့လက်နက်ပစ္စည်းဟာ ၁၉၇၀ နဲ့ ၁၉၈၀ ပြည့်လွန်က အတတ်ပညာနဲ့ ထုတ်လုပ်ထားတဲ့ စစ်ပစ္စည်းပဲဖြစ်ပါတယ်။ ဒါကြောင့် လက်နက်အဆင့်အတန်းဟာ မဆလခေတ်ထက် သာပေမယ့် Bangladesh ကို မီရုံသာရှိပါတယ်။ အိန္ဒိယ၊ တရုတ်၊ ထိုင်းနဲ့ စင်္ကာပူကို မယှဉ်နိုင်သေးပါဘူး။

စစ်တပ်ကိုတိုးချဲ့တိုင်း စစ်ဆင်မှုစွမ်းရည် ထက်မြက်လာတာမဟုတ်ပါဘူး။ တိုးပွားလာတဲ့ လူအင်အား၊ လက်နက်အင်အားကို မှန်ကန်စွာအသုံးပြုနိုင်တဲ့ မဟာဗျူဟာရှိဖို့လိုပါတယ်။ ဒီပညာမှာ ဗမာစစ်ဗိုလ်တွေ မကျွမ်းကျင်ပါဘူး။ ဒါကြောင့် လူအင်အားနဲ့ လက်နက်အင်အား သဟဇာတဖြစ်ဖို့ အတော်ကြာလိမ့်ဦးမယ်လို့ ဆိုပါတယ်။ အတတ်ပညာနဲ့ စက်မှုလုပ်ငန်းကဏ္ဍ ခေတ်နောက်ကျနေတဲ့ မြန်မာပြည်မှာ စက်ကိရိယာပစ္စည်း ပြင်ဆင်နိုင်စွမ်းမရှိသေးတာမို့ နိုင်ငံခြားကို အားကိုးနေရဦးမှာ ဖြစ်ပါတယ်တဲ့။

အင်အားကြီးနိုင်ငံတွေက ဗမာစစ်အစိုးရကိုဖြုတ်ချပြီး ဒီမိုကရေစီအရပ်သားအစိုးရကို တင်မြှောက်လိမ့်မယ်လို့ စစ်ခေါင်းဆောင်ပိုင်းက တွေးကြောက်နေတာဟာလည်း စစ်တပ်တိုးချဲ့ရတဲ့ အကြောင်းရင်းတခုဖြစ်ပုံရတယ်လို့ Andrew Selth က ဆိုပါတယ်။ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ တရုတ်၊ လာအို၊ ထိုင်း စ တဲ့ နိုင်ငံ ၅ နိုင်ငံဟာ မြန်မာပြည်နဲ့ နယ်နိမိတ်ချင်း ဆက်စပ်နေပါတယ်။ မြန်မာ့ကောင်းကင်ဟာ ကျယ်ဝန်းပြီး မြန်မာ့ကမ်းရိုးတန်းဟာ ရှည်လျားလှပါတယ်။ ဒါပေမယ့် မြန်မာအစိုးရအဆက်ဆက်ဟာ တိုင်းပြည်ကိုကာကွယ်နိုင်တဲ့အင်အား တခါမှ ရှိခဲ့ဖူးတာမဟုတ်လို့ အစိုးရတိုင်း စစ်အင်အားတိုးချဲ့မှာပါပဲတဲ့။

ဒါပေမဲ့ အခုခေတ်မှာ စစ်အင်အားတိုးချဲ့တဲ့ရည်ရွယ်ချက်ကတော့ ပြည်တွင်းမှာကြီးစိုးပြီး နိုင်ငံရေးအာဏာကို လက်ဝါးကြီးအုပ်ထားနိုင်ဖို့ဖြစ်ပါတယ်။ စစ်အင်အားသုံးပြီး တိုင်းပြည်ကို အမြဲတမ်းခွစီးဖို့ကြိုးပမ်းတာကို ဟန့်တားနေသူဟာ ဒေါ်အောင်ဆန်းစုကြည်နဲ့ ဒီမိုကရေစီအုပ်စုပဲ ဖြစ်တယ်ဆိုတာကိုလည်း စစ်ခေါင်းဆောင်တွေက နားလည်ထားကြပါတယ်။ ဒါကြောင့်မို့ အခြေခံဥပဒေရေးဆွဲရာမှာ စစ်တပ်အလိုကျလုပ်မယ့်အစိုးရမျိုး ပေါ်ပေါက်လာအောင် ကြံစည်နေတာပါပဲ။

တပ်ထဲမှာ အကွဲအပြဲဖြစ်လာရင် စစ်အာဏာရှင်စနစ် အခြေယိုင်လာနိုင်ပါတယ်။ ၁၉၄၈ မှာ တပ်တွင်းပုန်ကန်မှုတွေဖြစ်ပွားခဲ့လို့ တပ်မတော်ဟာ ပြိုကွဲပျက်စီးခါနီး ဖြစ်ခဲ့ရပါတယ်။ ဒါကြောင့် ၁၉၆၂ မှာ ဗိုလ်နေဝင်း အာဏာသိမ်းစဉ်ကစပြီး တပ်ထဲမှာ အကွဲအပြဲမဖြစ်အောင် အထူးဂရုစိုက်ခဲ့ပါတယ်။ ဒီနေရာမှာ ထောက်လှမ်းရေးကို အကြီးအကျယ်သုံးပြီး အရပ်သား လှုပ်ရှားမှုကိုရော စစ်ဗိုလ်စစ်သားလှုပ်ရှားမှုကိုပါ စောင့်ကြည့်ပါတယ်။ စစ်အစိုးရကိုသစ္စာရှိသူ အခွင့်ထူးခံစားရပြီး ကလန်ကဆန်လုပ်သူ အပြစ်ပေးခံရတဲ့နည်းစနစ်ဖြစ်ပါတယ်။ နောက်လိုက်နောက်သားမစုနိုင်အောင် စစ်ဗိုလ်တွေကို ဘယ်နေရာမှာမှ ကြာကြာမထားပါဘူး။ တနေရာမှာ

အနေကြာလာရင် တစင်ထောင်သွားမှာ စိုးရိမ်လို့ပါပဲ။

ဒါပေမယ့် စစ်တပ်အခန်းကဏ္ဍနဲ့ပတ်သက်ပြီး မကျေနပ်မှုတွေရှိနေတာ ဗိုလ်နေဝင်း လက်ထက်ကတည်းကပါ။ ဒီမိုကရေစီပြုပြင်ပြောင်းလဲမှု၊ တရုတ်သြဇာလွှမ်းမိုးမှု၊ နောက်တန်းက အခွင့်ထူးခံအရာရှိနဲ့ ရှေ့တန်းကအရာရှိ သဘောထားကွဲလွဲမှု၊ ကပ်ဖားစစ်ဗိုလ်နဲ့ ဝန်ထမ်းစစ်ဗိုလ် ကွဲလွဲမှု စတာတွေကြောင့် တပ်တွင်းတင်းမာမှုတွေရှိပေမယ့် အကြီးအကျယ်ကွဲပြဲတာမျိုး ဖြစ်ဖို့တော့ အလားအလာမရှိဘူးလို့ **Andrew Selth** က သုံးသပ်ပါတယ်။ အကြောင်းကတော့ ဒီမိုကရေစီအစိုးရတက်လာရင် စစ်တပ်လက်ဝါးကြီးအုပ်မှု ရပ်တန့်သွားနိုင်ပြီး လက်စားချေခံရလိမ့်မယ်လို့ အခွင့်ထူးခံစစ်ဗိုလ်တွေက ယုံကြည်လို့ပါပဲ။

ဒုက္ခရောက်မှာကို စစ်ဗိုလ်ကတွေးကြောက်လေလေ အာဏာကိုလက်မလွှတ်ချင်လေလေ ဖြစ်နေပါတယ်။ ဒါကြောင့် ဒီမိုကရေစီအသွင်ကူးပြောင်းရေးမှာ စစ်ဗိုလ်တွေပါဝင်ဆွေးနွေးလာရင်တော့ စိုးရိမ်စိတ်တွေ နည်းသွားနိုင်ပေမယ့် စစ်ခေါင်းဆောင်ပိုင်းကတော့ အာဏာလက်ဝါးကြီးအုပ်ဖို့သာ စိတ်ဝင်စားပုံရကြောင်း **Andrew Selth** သုံးသပ်ထားတာကို တင်ပြလိုက်ပါတယ်။

☆ ☆ ☆

# (၇)

## မြန်မာ့စီးပွားရေးတိုးတက်မှု အလားအလာ

စီးပွားရေးတိုးတက်မှုတခုလုံး နိုင်ငံရေးပေါ်မှာမူတည်နေတဲ့တိုင်းပြည်ဟာ မြန်မာပြည်ပဲလို့ အစချီပြီး ရေးထားတဲ့စာတမ်းကို မြန်မာ့ဒီမိုကရေစီအလားအလာအပိုင်း ၇ မှာ တင်ပြလိုက်ပါတယ်။ စာတမ်းရှင်က အမေရိကန်ပြည်ထောင်စု မက်ဆာချူးဆက်ပြည်နယ် **Tufts** တက္ကသိုလ်က ဘောဂဗေဒပါမောက္ခ **David Dapice** ဖြစ်ပါတယ်။ လွတ်လပ်တဲ့မြန်မာနိုင်ငံကို စတင်ဦးဆောင်တဲ့ ဒီမိုကရေစီ အရပ်သားအစိုးရလက်ထက်မှာ ၁၀ နှစ်လောက် စီးပွားရေးတိုးတက်ဖွံ့ဖြိုးခဲ့ပေမယ့် ဗိုလ်ချုပ်နေဝင်းခေါင်းဆောင်တဲ့ မဆလစစ်အစိုးရခေတ်မှာ အိမ်နီးချင်းနိုင်ငံတွေက ကျော်တက်သွားတာကို ခံလိုက်ရပါတယ်တဲ့။

အခုခေတ်မှာ အကန့်အသတ်နဲ့ကျင့်သုံးတဲ့ ဈေးကွက်စနစ်ဟာ မဆလ လမ်းစဉ်ထက် သာတယ်လို့ပြောနိုင်ပေမယ့် စီးပွားရေး ရှင်သန်တိုးတက်အောင် မစွမ်းဆောင်နိုင်ပါဘူး။ အိမ်နီးချင်းတွေလိုတိုးတက်ဖွံ့ဖြိုးလာအောင် လုပ်နိုင်တဲ့စွမ်းရည် စစ်အစိုးရမှာမရှိပါဘူး။ သဘာဝသယံဇာတ ကြွယ်ဝတဲ့ အာဖရိကနိုင်ငံတွေလို ခဏတဖြုတ် တိုးတက်လာနိုင်ပေမယ့် တပြည်လုံး နာလန်ထလာနိုင်မှာ မဟုတ်ပါဘူးတဲ့။ ဒီပြဿနာတွေဟာ နောက်တက်လာမယ့် ဒီမိုကရေစီ အရပ်သားအစိုးရကို ဆက်ပြီးဒုက္ခပေးနေဦးမှာပါပဲ။ ဒါပေမယ့် ဒီမိုကရေစီအရပ်သားအစိုးရဟာ နိုင်ငံခြားအကူအညီ အများအပြားရမှာမို့ စီးပွားရေးပြဿနာကို ပြုပြင်ထိန်းသိမ်းဖို့ ပိုပြီးလွယ်ကူလိမ့်မယ်လို့ ဆိုပါတယ်။

ဆင်းရဲတဲ့တိုင်းပြည်တွေမှာ စီးပွားရေးစာရင်းဇယား မလုံမလောက် မပြည့်မစုံဖြစ်ရတာကို ဖြစ်ရိုးဖြစ်စဉ်လို သဘောထားကြပေမယ့် ဒီထဲမှာ မြန်မာပြည်က အဆိုးဆုံးပါပဲတဲ့။ အမြတ်အများဆုံးရတဲ့ပို့ကုန်ဟာ မူးယစ်ဆေးဝါးဖြစ်ပါတယ်။ နှစ်စဉ် ဒေါ်လာသန်းငါးရာ မူးယစ်ဆေးက ရတယ်လို့ ၁၉၉၇ အစီရင်ခံစာတွေအရ သိရပါတယ်။ ပုဂ္ဂလိကရောင်းဝယ်မှုပမာဏ ကိုတော့ မှတ်တမ်းမရှိလို့ မသိနိုင်ပါဘူး။ အစိုးရလုပ်ငန်းမှာလည်း မှတ်တမ်းပြည့်စုံတာမဟုတ်လို့ နိုင်ငံလုံးဆိုင်ရာထုတ်လုပ်မှု GDP တိုးလာတယ်ဆိုတာဟာ အရင်နှစ်တွေက စာရင်းမလုပ်ရသေးတာကို ထည့်လိုက်လို့ တိုးပွားလာတာလည်းဖြစ်နိုင်ပါတယ်။ ဒါကြောင့် စီးပွားရေးစာရင်းဇယားဟာ အဖြစ်မှန်ကို အနည်းအကျဉ်းသာ ရောင်ပြန်ဟပ်နိုင်ပါတယ်တဲ့။

လွန်ခဲ့တဲ့အနှစ်သုံးလေးဆယ်အတွင်း စီးပွားရေးတိုးတက်နှုန်းမြင့်မားတဲ့ အာရှနိုင်ငံတွေကို ကြည့်ရင် ကျင့်သုံးတဲ့ စီးပွားရေးလမ်းစဉ်ချင်း ဆင်တူတာတွေ့ရပါတယ်။ လူ့အရည်အသွေးရော ရုပ်ဝတ္ထုပစ္စည်းအခြေအနေပါ တိုးတက်လာအောင်ဦးတည်ပြီး အခြေခံမဟာဗျူဟာချပါတယ်။ ဆိုဗီယက်ပြည်ထောင်စုမပြိုကွဲခင်က ရုပ်ဝတ္ထုပစ္စည်းမှာသာရင်းနှီးမြှုပ်နှံခဲ့တာကြောင့် ခဏပန်း တိုးတက်လာပေမယ့် ရေရှည်မှာ လူ့တိုးတက်မှုကို အဟန့်အတားဖြစ်စေပါတယ်။ ကုန်ပစ္စည်း အရည်အသွေး ကောင်းမွန်ရေးနဲ့ အတတ်ပညာကို ကျွမ်းကျင်ဆီလျော်စွာ အသုံးပြုနိုင်ရေး အတွက် ဈေးကွက်အင်အားစု ရှိဖို့လိုပါတယ်။

ဒါပေမယ့် ဘယ်လမ်းစဉ်ပဲသုံးသုံး ကျေးလက်ဖွံ့ဖြိုးရေး၊ ကျိုးကြောင်းဆီလျော်တဲ့ လမ်းစဉ် ကျင့်သုံးရေးနဲ့ ကုန်ချောတင်ပို့နိုင်ရေး စတဲ့ အချက် ၃ ချက်မပါရင် မပြီးဘူးလို့ဆိုပါတယ်။ စင်္ကာပူလို မြို့နိုင်ငံလေးတွေကလွဲပြီး တိုးတက်ဖွံ့ဖြိုးတဲ့နိုင်ငံတိုင်း ကျေးလက်ဒေသမှာ ရင်းနှီးမြှုပ်နှံကြပါတယ်။ မြေယာပိုင်ဆိုင်ခွင့်၊ မိမိစိုက်ပျိုးတာကို သင့်တော်တဲ့ဈေးနဲ့ရောင်းပိုင်ခွင့်၊ ငွေချေးနိုင်ခွင့် စတာတွေ လိုအပ်ပါတယ်။ ကျေးလက်ကျန်းမာရေး၊ ပညာရေးနဲ့ လမ်းပန်းဆက်သွယ်ရေး ကောင်းအောင် လုပ်ပေးရပါလိမ့်မယ်။

တိုင်းပြည်မှာရှိတဲ့ နိုင်ငံခြားငွေအခြေအနေကို ရောင်ပြန်ဟပ်တဲ့ ငွေဖလှယ်နှုန်းထားနိုင်ဖို့ နိုင်ငံတိုင်းကြိုးစားကြပါတယ်။ ငွေကြေးဖောင်းပွကြွနှုန်းကို နည်းနိုင်သမျှနည်းအောင် ထိန်းကြပါတယ်။ ငွေစုငွေချေးစနစ်ကိုကြီးထွားစေမယ့် ဘဏ္ဍာရေးလမ်းစဉ်ကို အကောင်အထည်ဖော်ကြပါတယ်။ နောက် အရေးကြီးတဲ့အချက်ကတော့ ကုန်ချောထုတ်လုပ်နိုင်ရေးပါပဲ။ သဘာဝ သယံဇာတ ဘယ်လောက်ရှိရှိ ကုန်ချောထုတ်လုပ်နိုင်မှ စီးပွားရေးတိုးတက်ဖွံ့ဖြိုးနိုင်ပါတယ်။ နိုင်ငံခြားကို ကုန်ချောတင်ပို့တာဟာ အလုပ်သမားနဲ့လုပ်ငန်းအရည်အသွေး တိုးတက်စေတာမို့ ပုဂ္ဂလိက လုပ်ငန်းရှင်ကို အစိုးရက မချုပ်ချယ်ဖို့လိုပါတယ်တဲ့။

နဝတ/နအဖလက်ထက်မှာ အနည်းငယ်တိုးတက်မှုရှိလာတယ်လို့ ပြောကြပေမယ့် ၁၉၉၅ ခုနှစ်က လူတဦးချင်းရဲ့ တကယ်တမ်းထုတ်လုပ်မှုဟာ ၁၉၈၅ က နှုန်းထားနဲ့ အတူတူ ဖြစ်နေပါတယ်။ အထွေထွေကုန်ဈေးနှုန်းကြီးမြင့်မှု၊ အစိုးရအသုံးစရိတ်လိုငွေပြမှု စတာတွေကြောင့် စီးပွားရေးပြဿနာတွေဟာ ၂၁ ရာစုအထိ ဆက်ရှိနေမယ်လို့ ဆိုပါတယ်။ ကြွေးတင်တဲ့ လယ်သမား များပြားလာပြီး အမတော်ငွေ စနစ်တကျထုတ်ချေးနိုင်တဲ့အခြေအနေ မရှိဘူးလို့

ဆိုပါတယ်။ ဒီကြားထဲ မြေဆီလွှာနဲ့ သစ်တောပြုန်းတီးမှုကြောင့် ပေါ်ပေါက်လာရတဲ့သဘာဝ အန္တရာယ်ကိုလည်း ရင်ဆိုင်နေရပါတယ်။

သဘာဝအန္တရာယ်ကို ရံဖန်ရံခါရင်ဆိုင်ရပေမယ့် စစ်အစိုးရအန္တရာယ်ကိုတော့ အမြဲတမ်း ရင်ဆိုင်နေရပါတယ်။ ဘာကြေးညာကြေး စသည်ဖြင့် ဆက်ကြေးမျိုးစုံပေးရမှုနဲ့ အတင်းအဓမ္မ အခိုင်းခံရမှု စတာတွေကြောင့် ဆင်းရဲသား သီးစားလယ်သမားတွေဟာ ဘဝရပ်တည်နိုင်အောင် မနည်း ကြိုးစားနေရပါတယ်။ ဆန်နဲ့ အခြားလယ်ယာထွက်ကုန်တင်ပို့မှုကို စစ်အစိုးရက ချုပ်ချယ်ကန့်သတ်ပြီး လက်ဝါးကြီးအုပ်နေဆဲပါပဲ။ ဒီစနစ်ကြောင့် ချမ်းသာတဲ့လယ်ယာလုပ်ငန်း ရှင်တစုသာ ကြီးပွားလာတာတွေ့ရပါတယ်တဲ့။ ယုတ္တိရှိတဲ့ဈေးနှုန်း၊ အမတော်ကြေး၊ ရင်းနှီးမြှုပ်နှံမှု၊ ကောင်းမွန်တဲ့အခြေခံအဆောက်အအုံ စတာတွေရှိမှသာလျှင် မြန်မာ့စိုက်ပျိုးလယ်ယာ ရှင်သန် တိုးတက်လာနိုင်ပါလိမ့်မယ်တဲ့။

စစ်အစိုးရအသုံးစရိတ်ဟာ ရရှိတဲ့ဝင်ငွေထက် အမြဲတမ်းများပြားနေလို့ လိုငွေကို စက္ကူ စက်က ရိုက်ထုတ်နေတဲ့အတွက် အမြဲတမ်း ငွေကြေးဖောင်းပွနေပြီး ကုန်ဈေးနှုန်းကြီးမြင့်နေရ ပါတယ်။ စစ်အစိုးရရဲ့စည်းမျဉ်းစည်းကမ်း မရေရာမသေချာမှု၊ စစ်အစိုးရ နိုင်လိုမင်းထက်လုပ်မှု၊ ခန့်မှန်းလို့မရမှု စတာတွေရှိနေတာကြောင့် နအဖရဲ့ ဈေးကွက်စီးပွားရေးစနစ်ဟာ ကောင်းရောင်း ကောင်းဝယ် စီးပွားရေးမဟုတ်တော့ဘဲ စစ်တွင်းကာလစီးပွားရေးဖြစ်နေတယ်လို့ ပါမောက္ခ David Dapice က သုံးသပ်ပါတယ်။

လိပ်ခဲတည်းလည်းဖြစ်နေတဲ့ တိုင်းပြည်အခြေအနေကို ပြုပြင်ပြောင်းလဲဖို့ စစ်အစိုးရ စိတ်မပါ့တပါဖြစ်နေရင် စီးပွားရေးနာလန်ထဖို့ အလားအလာမရှိပါဘူး။ ပြည်သူ့ထောက်ခံမှုမရ တဲ့ စစ်အစိုးရအုပ်ချုပ်နေသမျှ တရုတ်ကိုအားကိုးနေရပါလိမ့်မယ်။ ဒါကြောင့် မြန်မာ့စီးပွားရေး ဟာ တရုတ်ဝါးမြိုသွားတာကို ခံရဖွယ်ရှိပါတယ်တဲ့။ မြန်မာပြည်ဟာ တနေ့ကျရင် တိဗက်ပြည် လို တရုတ်လက်အောက်ခံ ပြည်နယ်ဘဝ ရောက်သွားလိမ့်မယ်လို့ စိုးရိမ်သူတောင် ရှိနေပါတယ်။ နယ်စပ်နေ တိုင်းရင်းသားအဖို့ တရုတ်နဲ့ဆက်ဆံရတာဟာ ဗမာစစ်အစိုးရနဲ့ဆက်ဆံရတာထက် ပိုပြီးအဆင်ပြေတဲ့သာကေရှိပါတယ်။

စေ့စပ်ဆွေးနွေးရေး၊ ပူးပေါင်းဆောင်ရွက်ရေးနဲ့ ပြုပြင်ပြောင်းလဲရေး စတာတွေ ဆိတ်သုဉ်း နေတဲ့တိုင်းပြည်မှာ ပြည်တွင်းစစ် ပြန်ဖြစ်နိုင်ပါတယ်တဲ့။ ဖိနှိပ်မှုအနိုင်ကျင့်မှု ကင်းရှင်းအောင် ပြုပြင်ပြောင်းလဲမှုတွေလုပ်ပြီး ပြည်ပကလည်းကူညီမယ်ဆိုရင် မြန်မာ့စီးပွားရေး နာလန်ထဖို့ အလားအလာရှိကြောင်း David Dapice ကသုံးသပ်ထားတာကို တင်ပြလိုက်ရပါတယ်။

☆ ☆ ☆

# (၈)

## မြန်မာ့စီးပွားရေးနဲ့ မူးယစ်ဆေးလုပ်ငန်း

ယခုတင်ပြမယ့် မြန်မာ့ဒီမိုကရေစီအလားအလာ အပိုင်း ၈ မှာ မြန်မာ့စီးပွားရေးနဲ့ မူးယစ်ဆေးလုပ်ငန်းအကြောင်းကို တင်ပြပါမယ်။ စာတမ်းပြုစုသူကတော့ မြန်မာပြည်အကြောင်း စာအုပ်စာတမ်း အများအပြားရေးသားထားတဲ့ သတင်းစာဆရာ Bertil Lintner ပါပဲ။ မဆလ စစ်အစိုးရခေတ်မှာ ရှမ်းပြည်ထွက်ဘိန်းစိမ်းကို ထိုင်း–မြန်မာနယ်စပ်အထိသယ်ယူပြီး တရုတ်လူဆိုးဂိုဏ်းနဲ့ ဒေသခံလက်နက်ကိုင်တွေက ဘိန်းဖြူဖြစ်အောင် ချက်ယူပါတယ်။ နောက်တော့မှ ထိုင်းနိုင်ငံကတဆင့် နိုင်ငံခြားကိုတင်ပို့ပါတယ်။ ဒီဘိန်းမှောင်ခိုလုပ်ငန်းကို ငွေပိုရှာတဲ့ဗမာစစ်ဗိုလ်နဲ့ ထိုင်းအရာရှိအချို့က ကူညီပါတယ်။ ဘိန်းမှောင်ခိုလုပ်ငန်းက ရတဲ့ငွေမဲကို ထိုင်း၊ ဟောင်ကောင်နဲ့ စင်္ကာပူကဘဏ်တိုက်တွေမှာအပ်နှံထားပြီး တရားဝင်စီးပွားရေးလုပ်ငန်းတွေမှာ ရင်းနှီးမြှုပ်နှံကြပါတယ်။ ဒီခေတ်မှာ ချန်ကျီဖူး (ခေါ်) ခွန်ဆာလို့ အမည်တွင်တဲ့ ရှမ်း–တရုတ်ဟာ အထင်ရှားဆုံးပါပဲ။

ဒါပေမယ့် ၁၉၈၈ မှာ ဒီမိုကရေစီအရေးတော်ပုံဖြစ်ပွားပြီး ၁၉၈၉ မှာ ဗကပ ပြိုကွဲသွားတာဟာ မူးယစ်ဆေးလုပ်ငန်းအခြေအနေကို အကြီးအကျယ် ပြောင်းလဲသွားစေပါတယ်တဲ့။ ၈၈ ဒီမိုကရေစီအရေးတော်ပုံကို စစ်တပ်ကချေမှုန်းလိုက်တဲ့အခါမှာ ကျောင်းသားလူငယ် တသောင်းနီးပါး တိုင်းရင်းသားလက်နက်ကိုင်တွေရှိရာ ထိုင်း–မြန်မာနယ်စပ်ကို ထွက်ပြေးခိုလှုံကြပါတယ်။ နယ်စပ်နေ ကရင်၊ ကရင်နီ၊ မွန်နဲ့ ပအိုဝ့်လက်နက်ကိုင်တွေဟာ မူးယစ်ဆေးထုတ်လုပ်သူ မဟုတ်ပါဘူး။ သူတို့ထက်အင်အားကောင်းသူကတော့ ဗကပ ကွန်မြူနစ်ပါတီပါပဲ။ ၁၉၆၈ က ၁၉၇၈ အထိ ဆယ်နှစ်ဆယ်မိုး တရုတ်အစိုးရထောက်ပံ့မှုကိုရရှိခဲ့တဲ့ ဗကပမှာ လက်နက်ခဲယမ်း အများအပြားရှိတဲ့အတွက် တောခိုလာတဲ့ကျောင်းသားလူငယ်တွေကို လက်နက်တပ်ဆင်ပေးနိုင်တဲ့ အနေအထားမှာ ရှိပါတယ်။

ဗမာစစ်အစိုးရစွပ်စွဲသလို ဒီမိုကရေစီလှုပ်ရှားမှုနဲ့ ဗကပကွန်မြူနစ် အဆက်အသွယ်ရှိတာမဟုတ်ပေမယ့် တောခိုတဲ့ကျောင်းသားလူငယ်အဖို့ကတော့ လက်နက်ရရင် ယူမယ့်သဘောရှိပါတယ်။ နယ်စပ်နေ တိုင်းရင်းသားလက်နက်ကိုင်တွေ အားနည်းသွားအောင် ဘယ်လို လုပ်ရမလဲလို့ ဗမာစစ်အစိုးရ အကြံထုတ်နေချိန် ၁၉၈၉ ဧပြီလမှာ ဗကပတပ်တွင်းပုန်ကန်မှု ဖြစ်ပွားတော့တာပါပဲ။ ဗကပ လက်အောက်ကခွဲထွက်သွားတဲ့ တိုင်းရင်းသားလက်နက်ကိုင်အင်အားစု၊ ထိုင်း–မြန်မာနယ်စပ်က တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့နဲ့ ကျောင်းသားလူငယ်တွေ ပူးပေါင်းသွားမှာကို ဗမာစစ်အစိုးရ စိုးရိမ်ကြောက်လန့်နေချိန်ပါပဲ။ ဗကပခွဲထွက် အုပ်စုနဲ့ဆွေးနွေးဖို့ ထိုင်းနယ်စပ်နေတိုင်းရင်းသားအဖွဲ့က ကိုယ်စားလှယ်စေလွှတ်ပေမယ့် ဗမာစစ်အစိုးရက လက်ဦးသွားပြီး အပစ်အခတ်ရပ်စဲနိုင်ခဲ့တာပါပဲ။ ဘိန်းမှောင်ခို ကိုးကန့်တရုတ်လော်စစ်ဟန်ရဲ့ ကြားဝင်ဆောင်ရွက်မှုကြောင့် ဗမာစစ်အစိုးရ အပစ်အခတ်ရပ်စဲရေး လုပ်နိုင်ခဲ့တာဖြစ်ပါတယ်။

ဗမာစစ်အစိုးရက မတိုက်ဘူး၊ အခြားလက်နက်ကိုင်အုပ်စုတွေနဲ့ မပူးပေါင်းဘူးဆိုရင်

ကိုယ့်ဒေသမှာကိုယ်ကြိုက်သလို စီးပွားရေးလုပ်ခွင့်ရှိတယ်ဆိုတဲ့ သဘောတူချက်ပါပဲ။ နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကို အကောင်အထည်ဖော်သွားမယ်လို့ ဗမာစစ်အစိုးရဘက်က ကတိပေးပါတယ်။

ကိုးကန့်အဖွဲ့၊ 'ဝ' အဖွဲ့နဲ့ အပစ်အခတ်ရပ်စဲပြီးတဲ့နောက် အခြားလက်နက်ကိုင် အုပ်စုလေးတွေနဲ့ပါ အပစ်အခတ်ရပ်စဲနိုင်ခဲ့တာကြောင့် လက်နက်ကိုင်တော်လှန်ရေးဆင်နွဲနေတဲ့အဖွဲ့ဆိုလို့ ကေအဲန်ယူ ကရင်အမျိုးသားအစည်းအရုံးနဲ့ မကဒတ ကျောင်းသားတပ်ဦးလောက်ပဲ ရှိပါတော့တယ်။ ပြည်သူလူထုအများစုကဆန့်ကျင်နေတဲ့ ဗမာစစ်အစိုးရကို တိုင်းရင်းသားလက်နက်ကိုင်တွေက ထောက်ခံလိုက်တာဟာ ပြည်တွင်းပြည်ပမှာ ကံဆိုးမိုးမှောင်ကျဖို့ ဖန်တီးလိုက်သလို ဖြစ်သွားပါတယ်တဲ့။ အဲဒီအချိန်ကစပြီး ရှမ်းပြည်မြောက်ပိုင်း၊ အရှေ့ပိုင်းနဲ့ တောင်ပိုင်းမှာ မူးယစ်ဆေးထုတ်လုပ်ရာဌာနတွေ မှိုလိုပေါက်လာပါတော့တယ်။ ဗမာစစ်အစိုးရနဲ့ အပစ်အခတ်ရပ်စဲထားတဲ့ လက်နက်ကိုင် သုံးသောင်းကျော်ရှိနေပြီး 'ဝ' တပ်ဖွဲ့လိုဟာမျိုးဆိုရင် လက်နက်အင်အား လူအင်အား အရင်ကထက် တောင့်တင်းလာတယ်လို့ ဆိုပါတယ်။

အပစ်အခတ်ရပ်စဲပြီး မကြာမီမှာ မူးယစ်ဆေးတင်ပို့တဲ့လမ်းကြောင်းသစ် ပေါ်ထွက်လာပါတယ်။ ယူနန်ပြည်နယ်ကတဆင့် တရုတ်ပြည်တောင်ပိုင်း ပင်လယ်ဆိပ်ကမ်းကိုတင်ပို့တဲ့ လမ်းကြောင်းသစ်ပါပဲ။ မူးယစ်ဆေးလုပ်တဲ့ တရုတ်လူဆိုးဂိုဏ်းကို စစ်တပ်နဲ့နှိမ်နင်းရတဲ့အဖြစ်ကို ရောက်သွားပါတယ်။ ချင်း၊ ကချင်၊ ရခိုင်ပြည်နယ်တွေကတဆင့် အိန္ဒိယအထိ မူးယစ်ဆေး ရောက်သွားတဲ့အတွက် အိန္ဒိယနယ်စပ်ပြည်နယ်တွေမှာ ဆေးစွဲသူဦးရေ တိုးပွားလာပါတယ်။ ကျိုင်းတုံနဲ့ လောနယ်စပ် မူးယစ်ဆေးလုပ်ငန်းကို တရုတ်တပ်နီ ဗကပဟောင်း လင်မင်းရှန် (ခေါ်) ဆိုင်းလင်းနဲ့ တရုတ်တဦးက ခေါင်းဆောင်ပါတယ်။ ဒီတရုတ်ကို ကြည်မြင့်ဆိုတဲ့အမည်နဲ့ ဗမာစစ်အစိုးရက မြှောက်စားထားပါတယ်။ လော၊ ကမ္ဘောဒီးယားနဲ့ ဗီယက်နမ်အထိ ဗမာ့မူးယစ်ဆေးတင်ပို့ပြီး လက်နက်ပစ္စည်းဝယ်ယူပါတယ်။ ကေအဲမ်တီတရုတ်ဖြူဟောင်းတွေ ဘိန်းချတုန်းကတော့ အမိနိုင်ငံထိုင်ဝမ်ကို မပို့မိအောင် သတိထားခဲ့ပေမယ့် အခုတော့ နေရာမရွေး မူးယစ်ဆေး တင်ပို့နေပါပြီ။

မူးယစ်ဆေးလုပ်ငန်းနဲ့အတူပေါ်ထွက်လာတဲ့ အနိဋ္ဌာရုံတွေကတော့ AIDS ရောဂါ၊ လူဆိုးဂိုဏ်းသောင်းကျန်းမှု၊ လက်နက်ရောင်းဝယ်မှု စတာတွေပါပဲ။ မူးယစ်ဆေးလုပ်ငန်းကရတဲ့ ငွေမဲကို တရားဝင်သုံးခွင့်ပြုတာကြောင့် ဘိန်းမှောင်ခိုပိုင်တဲ့ စီးပွားရေးလုပ်ငန်းတွေ မြန်မာပြည်မှာ အထင်အရှား ပေါ်ထွက်လာပါတယ်။ လင်မင်းရှန်၊ ဖန်ကြာရှင်၊ ပေါင်းယူချန်၊ လော်စစ်ဟန်၊ ခွန်ဆာ၊ မတူနော် စတဲ့ ဘိန်းမှောင်ခိုတွေနဲ့ ဗမာဗိုလ်ချုပ်တွေဟာ လည်ပင်းဖက်ပြီး ဆက်ဆံလာကြပါတယ်။ ကိုးကန့်တရုတ် လော်စစ်ဟန်မိသားစုဟာ အချမ်းသာဆုံးဖြစ်လာပါတယ်။ ဘဏ်လုပ်ငန်း၊ ဟိုတယ်လုပ်ငန်း၊ ဆောက်လုပ်ရေးကုန်ပစ္စည်းထုတ်လုပ်ရေး၊ သယ်ယူပို့ဆောင်ရေး စသည်ဖြင့် လုပ်ငန်းကြီးအားလုံးလိုလိုမှာ ဘိန်းမှောင်ခိုက လက်ဝါးကြီးအုပ်ထားပါတယ်။ မူးယစ်ဆေးကရတဲ့ ငွေမဲကို လွတ်လပ်စွာရင်းနှီးနိုင်တဲ့ မြန်မာ့စီးပွားရေးမှာ ဘိန်းမှောင်ခို လွှမ်းမိုးလိမ့်မယ်လို့ အမေရိကန်နိုင်ငံခြားရေးဌာန ၁၉၉၆ မူးယစ်ဆေးအစီရင်ခံစာမှာ ဖော်ပြထားပါတယ်။

ဗမာစစ်အစိုးရတည်ထောင်ထားတဲ့ မြန်မာ့စီးပွားရေးဦးပိုင်ကုမ္ပဏီကို ကာကွယ်ရေးဌာန၊ လက်ရှိစစ်မှုထမ်းနဲ့ အငြိမ်းစားစစ်မှုထမ်းတွေက စုပေါင်းပိုင်ဆိုင်ကြပါတယ်။ ဒါကြောင့် စစ်မှုထမ်းဟောင်းနဲ့ဘိန်းမှောင်ခို လက်တွဲပြီး နိုင်ငံခြားကုမ္ပဏီတွေနဲ့ ဖက်စပ်လုပ်ကြပါတယ်။ တနည်းဆိုရင်တော့ စစ်မှုထမ်းအသစ်အဟောင်းနဲ့အတူ အခွင့်ထူးခံစားနိုင်အောင် ဘိန်းမှောင်ခိုက အရင်းစိုက်ပြီး စီးပွားရေးလုပ်ကြတဲ့ သဘောပါပဲ။ အတိုက်အခံအဖွဲ့အစည်းတွေနဲ့ နိုင်ငံရေးစေ့စပ်ဆွေးနွေးဖို့ စိတ်မကူးဘဲ စစ်အာဏာရှင်စနစ် သက်ဆိုးရှည်ဖို့သာ အာရုံစိုက်နေမယ်ဆိုရင် ဗမာစစ်အုပ်စုဟာ မူးယစ်ဆေးမှောင်ခိုလုပ်ငန်းကို ဆက်လက်အားကိုးနေရဦးမှာဖြစ်တယ်လို့ သတင်းစာဆရာ Bertil Lintner သုံးသပ်ထားတာကို တင်ပြလိုက်ရပါတယ်။

☆ ☆ ☆

# (၉)

## မူးယစ်ဆေးထုတ်လုပ်မှုပြဿနာ

လူ့အခွင့်အရေးချိုးဖျက်မှုနဲ့ မူးယစ်ဆေးကြောင့် မြန်မာပြည်ကို လူသိများပါတယ်။ ဘိန်းဖြူထုတ်လုပ်ရာမှာ လွန်ခဲ့တဲ့နှစ်အနည်းငယ်လောက်က မြန်မာပြည်ဟာ ပထမနေရာယူခဲ့ပေမယ့် အခုတော့ ဒုတိယဖြစ်ပြီး Afghanistan က ပထမဖြစ်နေပါတယ်။ ယခု မြန်မာ့ဒီမိုကရေစီ အလားအလာ အပိုင်း ၉ မှာ အမေရိကန်နိုင်ငံခြားရေးဌာန ထိပ်တန်းအရာရှိ Robert S.Gelbard ရေးသားပြုစုတဲ့ မူးယစ်ဆေးစာတမ်းကို တင်ပြလိုက်ပါတယ်။ ဒီဆောင်းပါးကို လွန်ခဲ့တဲ့ ၆ နှစ်က ရေးခဲ့ပေမယ့် မြန်မာ့မူးယစ်ဆေးစီးပွားရေးဆိုင်ရာ အမေရိကန်သဘောထားဟာ မပြောင်းလဲသေးပါဘူး။ မြန်မာပြည်မှာ တရားဥပဒေမရှိတာကြောင့် လူ့အခွင့်အရေးချိုးဖျက်မှုနဲ့ မူးယစ်ဆေးပြဿနာဖြစ်ပွားနေရတာလို့ ဆိုပါတယ်။

တာဝန်မဲ့၊ ဥပဒေမဲ့လုပ်နေတဲ့ ဗမာစစ်အစိုးရဟာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ပြဿနာတွေကို မဖြေရှင်းနိုင်တဲ့အတွက် မြန်မာ့မူးယစ်ဆေးပြဿနာဟာ နိုင်ငံခြားတိုင်းပြည်တွေကိုပါ အန္တရာယ်ပေးလာပါတယ်တဲ့။ လွန်ခဲ့တဲ့ အနှစ် ၂၀ ကျော်ကစပြီး အမေရိကန်ကို ဗမာ့ဘိန်းဖြူရောက်လာတဲ့အတွက် မူးယစ်ဆေးပြဿနာကိုဖြေရှင်းဖို့ အမေရိကန်အစိုးရက စိတ်ဝင်စားလာတာပါပဲ။ မဆလစစ်အစိုးရခေတ်က မူးယစ်ဆေးတိုက်ဖျက်ရေးအစီအစဉ်ကို အမေရိကန်အစိုးရကူညီခဲ့ပါတယ်။ ၈၈ ဒီမိုကရေစီအရေးတော်ပုံကို စစ်တပ်ကချေမှုန်းလိုက်တော့မှဘဲ အမေရိကန်က အကူအညီကို ရပ်ဆိုင်းလိုက်ပါတယ်။

နဝတ / နအဖစစ်အစိုးရခေတ်မှာ မူးယစ်ဆေးထုတ်လုပ်မှုအရှိန်အဟုန်နဲ့ တိုးပွားလာပါတယ်။ အပစ်အခတ်ရပ်စဲတဲ့ တိုင်းရင်းသားလက်နက်ကိုင်အုပ်စုတွေကို မူးယစ်ဆေး ထုတ်လုပ်ခွင့် ပေးထားတာကိုကြည့်မယ်ဆိုရင် ဗမာစစ်အစိုးရဟာ မိမိလုံခြုံရေးနဲ့ စီးပွားရေးကို အဓိကဦးစားပေးတာ ထင်ရှားပါတယ်။ ကိုးကန့်တရုတ်နဲ့ ဝ တရုတ်ရဲ့မူးယစ်ဆေးလုပ်ငန်း နေ့ချင်းညချင်းကြီးထွားလာပါတယ်။ ဘိန်းမှောင်ခို ခွန်ဆာတဦးတည်း စစ်အစိုးရကို ဆက်လက်ဆန့်ကျင်ခဲ့ပေမယ့်

၁၉၉၆ နှစ်ဆန်းမှာ ခွန်ဆာနဲ့ ဗမာစစ်အစိုးရ နားလည်မှုရယူနိုင်တာကြောင့် ခွန်ဆာလည်း တရားဝင်စီးပွားရေးလုပ်ငန်းကို လုပ်ပိုင်ခွင့်ရသွားပါတယ်။ ခွန်ဆာ အလင်းဝင်သွားပေမယ့် မူးယစ်ဆေးအထွက်နှုန်း ကျသွားတာမဟုတ်ပါဘူး။

မူးယစ်ဆေးထုတ်လုပ်သူ များပြားလာတာကြောင့် နိုင်ငံခြားတင်ပို့တဲ့ပမာဏလည်း များလာပါတယ်။ အရင်လို ထိုင်းနိုင်ငံကတဆင့် တင်ပို့တာမဟုတ်တော့ဘဲ တရုတ်၊ လော၊ အိန္ဒိယနဲ့ ပြည်တွင်းဆိပ်ကမ်းတွေကတဆင့် နိုင်ငံခြားကို မူးယစ်ဆေးတင်ပို့ပါတယ်။ ဗကပကြီးစိုးစဉ်က ဘိန်းဖြူလုပ်ငန်းနဲ့ ရံပုံငွေရှာပေမယ့် ရည်ရွယ်ချက်ကတော့ ဗမာစစ်အစိုးရကို ဖြုတ်ချဖို့ဖြစ်ပါတယ်။ အခုခေတ်မှာတော့ အာဏာတည်မြဲရေးနဲ့ ဘဝရပ်တည်ရေးအတွက် မူးယစ်ဆေး ထုတ်လုပ်နေကြတာပါပဲ။ ဗကပခေတ်က ဘိန်းဖြူတာဝန်ခံတွေဖြစ်တဲ့ ဖုန်ကြားရှင်နဲ့ ချောင်းညီလိုင်းလို ပုဂ္ဂိုလ်တွေ အရေးပါလာပါတယ်။

ဘိန်းမှောင်ခိုလုပ်ငန်းမှာ ခွန်ဆာလိုနာမည်ကြီးသူဟာ ကိုးကန့်တရုတ် လော်စစ်ဟန်ပါပဲ။ မဆလခေတ်မှာ ကိုးကန့်ကာကွယ်ရေးတပ်ဖွဲ့ဝင်ဘဝက ဗမာဗိုလ်ချုပ်တွေအားကိုးရတဲ့ ဘိန်းဘုရင်ကြီးဖြစ်လာသူဟာ လော်စစ်ဟန်ပါပဲ။ ဗကပ ခွဲထွက်အုပ်စုတွေနဲ့ ဗမာစစ်အစိုးရ အပစ်အခတ် ရပ်စဲနိုင်အောင် ကြားဝင်ဆောင်ရွက်ပေးတဲ့ ကိုးကန့်တရုတ် လော်စစ်ဟန်ကို ဗမာဗိုလ်ချုပ်တွေက ကျေးဇူးရှင်လို့ ယူဆကြပါတယ်။ ဒါကြောင့် လော်စစ်ဟန်မိသားစုဟာ မြန်မာပြည်မှာ အချမ်းသာဆုံးဖြစ်နေပါပြီ။ အပြည်ပြည်ဆိုင်ရာဘဏ္ဍာရေးအဖွဲ့အစည်းတွေမှာ ငွေချေးခွင့်မရတဲ့ ဗမာစစ်အစိုးရဟာ ခွန်ဆာနဲ့လော်စစ်ဟန်ကို အားကိုးလာရပါတယ်။ ဒီလိုနဲ့ ဗမာဗိုလ်ချုပ်နဲ့ ဘိန်းမှောင်ခိုတွေဟာ ဝေစားမျှစားဖြစ်ကုန်ကြပါတယ်။ ဘိန်းဖြူကို အမေရိကန်နဲ့ ဥရောပကိုတင်ပို့ပြီး စိတ်ကြွဆေးကိုတော့ ထိုင်း၊ မလေးရှား၊ ထိုင်ဝမ်နဲ့ တရုတ်ပြည်ကို တင်ပို့ပါတယ်တဲ့။ ဒါကြောင့် မြန်မာ့မူးယစ်ဆေးပြဿနာဟာ ဒေသဆိုင်ရာပြဿနာဖြစ်လာပါတယ်။

မူးယစ်ဆေးထုတ်လုပ်သူတွေ မြန်မာ့စီးပွားရေးမှာ အဓိကအခန်းကဏ္ဍက ပါဝင်လာတာကြောင့် မူးယစ်ဆေးလုပ်ငန်းဟာလည်း မြန်မာ့စီးပွားရေးရဲ့အစိတ်အပိုင်းတခု ဖြစ်လာပါတယ်။ မူးယစ်ဆေးကရတဲ့ငွေမဲကို အခြားစီးပွားရေးလုပ်ငန်းတွေမှာ ရင်းနှီးမြှုပ်နှံနေတာဟာ တိုင်းပြည်စီးပွားရေးတခုလုံးကို ကမောက်ကမ ဖြစ်စေပါတယ်။ ကောင်းရောင်းကောင်းဝယ် စီးပွားရေးလုပ်လာတဲ့ လုပ်ငန်းရှင်တွေဟာ အခွင့်ထူးခံဘိန်းမှောင်ခိုရဲ့ တရားဝင်စီးပွားရေးလုပ်ငန်းကို ယှဉ်ပြိုင်နိုင်မှာ မဟုတ်ပါဘူး။ မူးယစ်ဆေးကရတဲ့ငွေမဲကို ရင်းနှီးမြှုပ်နှံပြီး တရားဝင်တည်ထောင်တဲ့ စီးပွားရေးလုပ်ငန်းတွေ များလာလေလေ ကောင်းရောင်းကောင်းဝယ်လုပ်ဖို့ ခက်ခဲလာလေလေပဲ ဖြစ်နေပါတယ်။

ဗမာစစ်အစိုးရကိုယ်တိုင် မူးယစ်ဆေးလုပ်ငန်းမှာ တိုက်ရိုက်ပါဝင်လုပ်ကိုင်နေတယ်ဆိုတဲ့ သက်သေအထောက်အထား မတွေ့ရပေမယ့် အောက်ပိုင်းကစစ်ဗိုလ်နဲ့ ရဲအရာရှိတွေကတော့ မူးယစ်ဆေးလုပ်ငန်းက လာဘ်လာဘတွေရနေတာ ထင်ရှားပါတယ်။ မူးယစ်ဆေးထုတ်လုပ်မှုနဲ့ သယ်ယူပို့ဆောင်မှုကို ခွင့်ပြုထားပြီး ဆက်ကြေးယူတဲ့စစ်ဗိုလ်ထဲမှာ တပ်ရင်းမှူးအဆင့်အထိ ပါဝင်နေပါတယ်။ ဒီလိုစစ်ဗိုလ်တွေကို စစ်အစိုးရက အရေးမယူပါဘူး။ အလွန်အမင်း စီးပွားရေး

သောင်းကျန်းလာတဲ့အခါမှာ နယ်ပြောင်းတာမျိုးလောက်ပဲ လုပ်တတ်ပါတယ်။

မူးယစ်ဆေးထုတ်လုပ်မှုနဲ့ လူ့အခွင့်အရေးချိုးဖောက်မှုဟာ ဆက်စပ်နေတဲ့ပြဿနာ ဖြစ်တဲ့အတွက် လူ့အခွင့်အရေးနဲ့ ဒီမိုကရေစီအရေးကိုထိခိုက်စေမယ့် မူးယစ်ဆေးနှိမ်နင်းရေး အစီအစဉ်မျိုးကို အမေရိကန်အစိုးရက လက်မခံပါဘူး။ ဒါကြောင့်လည်း မူးယစ်ဆေးတိုက်ဖျက်ရေး အကူအညီပေးတဲ့ကိစ္စမှာ ကွန်ဂရက်လွှတ်တော်က စည်းကမ်းနည်းလမ်းတွေ တင်းကျပ်ထားတာဖြစ်ပါတယ်။ မူးယစ်ဆေးထုတ်လုပ်မှုကို ဗမာစစ်အစိုးရက နှိပ်ကွပ်တာမတတ်လို့ အိမ်နီးချင်းနိုင်ငံတွေဟာ မူးယစ်ဆေးပြဿနာကို သူတို့ဘာသာကိုင်တွယ်ရပါလိမ့်မယ်တဲ့။ ကုလသမဂ္ဂကိုချည်း အားကိုးနေလို့ ပြဿနာပြေလည်မှာမဟုတ်ပါဘူး။ ဥပမာ တရုတ်ကွန်မြူနစ်အစိုးရဟာ ဗမာစစ်အစိုးရကို ကူညီထောက်ပံ့နေသူဖြစ်ပြီး ဗမာ့မူးယစ်ဆေးဒဏ်ခံရသူတွေထဲမှာ တရုတ်ပြည်လည်း ပါဝင်နေတာမို့ ဗမာစစ်အစိုးရကို ပြောပိုင်ခွင့်ရှိပါတယ်။

ဗမာစစ်အစိုးရကတော့ မူးယစ်ဆေးထုတ်တဲ့တိုင်းရင်းသားလက်နက်ကိုင်တွေကို ထိထိရောက်ရောက်အရေးယူမှာမဟုတ်ပါဘူး။ တိုင်းပြည်စီးပွားရေးကောင်းမွန်လာပြီး တရားဥပဒေကျင့်သုံးလို့ တိုင်းရင်းသားတွေ သာယာဝပြောလာတဲ့အခါကျမှသာ အခြေအနေ ပြောင်းလဲသွားနိုင်ပါတယ်တဲ့။ ဒီလိုဖြစ်လာအောင် အရပ်သားနိုင်ငံရေးအဖွဲ့အစည်းတွေနဲ့ တွေ့ဆုံဆွေးနွေးဖို့ ဗမာစစ်အစိုးရကို အမေရိကန်ကတိုက်တွန်းနေတာဖြစ်ပါတယ်။ အမျိုးသားပြန်လည်သင့်မြတ်ရေး မလုပ်နိုင်ရင် မူးယစ်ဆေးပြဿနာကိုလည်း ဖြေရှင်းနိုင်မှာမဟုတ်လို့ ဒီပြဿနာဟာ ပြည်တွင်းပြည်ပကို ဆက်ပြီးဒုက္ခပေးနေဦးမှာဖြစ်ကြောင်း Robert S.Gelbard က သုံးသပ်ထားတာကို တင်ပြလိုက်ရပါတယ်။

☆ ☆ ☆

# (၁၀)

## ကမ္ဘာ့အပယ်ခံ ဗမာစစ်အစိုးရ

၁၉၈၈ ဒီမိုကရေစီအရေးတော်ပုံကိုဖြိုခွင်းလိုက်တဲ့ ဗမာစစ်အစိုးရဟာ ကမ္ဘာ့အပယ်ခံဖြစ်သွားတဲ့အတွက် တရုတ်ကွန်မြူနစ်အစိုးရကို အားကိုးလာရပါတယ်။ တရုတ်ကိုမှီခိုအားထားလွန်းလို့ ဖြစ်ပေါ်လာတဲ့ပြဿနာတွေနဲ့ပတ်သက်ပြီး အမေရိကန်ဆီးနိတ်လွှတ်တော် နိုင်ငံခြားဆက်ဆံရေးကော်မတီက အရှေ့အာရှရေးရာသုတေသီ Frank Jannuzi ပြုစုထားတဲ့စာတမ်းကို မြန်မာ့ဒီမိုကရေစီအလားအလာ အပိုင်း ၁၀ မှာ တင်ပြလိုက်ပါတယ်။ အရင်ကတော့ တရုတ်ကွန်မြူနစ်အစိုးရဟာ ဗကပ–ဗမာကွန်မြူနစ်ပါတီကို ကူညီထောက်ပံ့ခဲ့တာမို့ အကိုကြီး–တရုတ်နဲ့ ညီလေး–ဗကပဆက်ဆံရေး ဖြစ်ခဲ့ပါတယ်။ အခုတော့ ဗကပကို အားမပေးတော့ဘဲ ဗမာစစ်အစိုးရကိုသာ ကူညီထောက်ပံ့နေတာမို့ တရုတ်မြန်မာဆက်ဆံရေးဟာ အကိုကြီး–တရုတ်နဲ့ ညီလေး–နအဖ ဆက်ဆံရေးဖြစ်လာတယ်လို့ ဆိုပါတယ်။

လူ့အခွင့်အရေးချိုးဖျက်မှု၊ တိုင်းရင်းသားကိုဖိနှိပ်မှုနဲ့ မူးယစ်ဆေးထုတ်လုပ်မှုကြောင့် နာမည်ပျက်နေတဲ့ဗမာစစ်အစိုးရနဲ့ တရင်းတနှီးပေါင်းသင်းရင် မိမိကိုပါထိခိုက်နိုင်ကြောင်း တရုတ်အစိုးရ နားလည်ပါတယ်တဲ့။ ဒါပေမဲ့ နအဖကို ညီလေးလိုသဘောထားပြီး ဆက်ဆံလို့ ရရှိလာမယ့် အကျိုးအမြတ်ကိုကြည့်ပြီး နအဖကြောင့် ဝေဖန်ရှုတ်ချခံရတာတွေကိုသည်းခံဖို့ တရုတ်က ဆုံးဖြတ်လိုက်ပုံရပါတယ်တဲ့။

Frank Jannuzi ကိုယ်တိုင် ၁၉၉၄ နဲ့ ၁၉၉၆ မှာ တရုတ်ပြည်ကိုသွားရောက်ပြီး တရုတ်–မြန်မာဆက်ဆံရေးကိစ္စကို တရုတ်အရာထမ်းအချို့နဲ့ တွေ့ဆုံဆွေးနွေးတဲ့အခါမှာ ဗမာဗိုလ်ချုပ်တွေကို တရုတ်ခေါင်းဆောင်ပိုင်းက အကြံဉာဏ်ပေးနေကြောင်း သိရတယ်လို့ ဆိုပါတယ်။ ဗမာစစ်အစိုးရ မှာ တရားဝင်အုပ်ချုပ်နိုင်စွမ်းရှိတယ်ဆိုတာကို အပြည်ပြည်ဆိုင်ရာက လက်ခံလာစေဖို့အတွက် အတိုက်အခံ နိုင်ငံရေးလှုပ်ရှားမှုကို မသိနိုင်မမြင်နိုင်အောင် ဖုံးဖိထားဖို့ တရုတ်ခေါင်းဆောင်ပိုင်းက ဗမာဗိုလ်ချုပ်တွေကို အကြံပေးတယ်လို့ ဆိုပါတယ်။ နအဖအစိုးရရဲ့ နိုင်ငံရေးအစီအစဉ်ကို တရုတ်က သဘောမတူစရာမရှိပေမယ့် စစ်အုပ်ချုပ်ရေးအမိန့်ပေးပုံစံကိုချည်းမသုံးဘဲ အတိုက်အခံတွေနဲ့ စေ့စပ်ဆွေးနွေးညှိနှိုင်းပြီး ဖြေရှင်းဖို့လည်း ဗမာဗိုလ်ချုပ်တွေကို တရုတ်အစိုးရက တိုက်တွန်းကြောင်း သိရပါတယ်တဲ့။

ဗကပ ကွန်မြူနစ်ကို နှစ်အတော်ကြာ တရုတ်ကထောက်ပံ့ခဲ့တာကို ဗမာဗိုလ်ချုပ်တွေ အောင့်သက်သက်ခံနေရပုံရပါတယ်။ ရန်ကုန်မှာ ဗုံးပေါက်ကွဲတာနဲ့ ဆန္ဒပြတာကို ဗကပ လက်ချက်လို့ ထောက်လှမ်းရေးက စွပ်စွဲလေ့ရှိပါတယ်။ ဗကပခေါင်းဆောင်တွေ တရုတ်ပြည်မှာ ခိုလှုံနေတာကိုလည်း အစိုးရသတင်းစာက ရံဖန်ရံခါ ဖော်ပြလေ့ရှိပါတယ်။ ဒါပေမဲ့ ဒီလို မယောင်ရာဆီလူးတာမျိုးကို လျစ်လျူရှုပြီး တရုတ်အစိုးရဟာ ညီလေးနအဖအပေါ် ဩဇာညောင်းအောင် လုပ်နိုင်ခဲ့ပါတယ်။ လက်ရှိ တရုတ်–ဗမာဆက်ဆံရေးကို အုတ်မြစ်ချခဲ့သူတွေကတော့ ဗိုလ်သန်းရွှေနဲ့ ဗိုလ်ခင်ညွန့်ပါပဲတဲ့။ သူတို့ခေါင်းဆောင်တဲ့ စစ်မစ်ရှင်အဖွဲ့ ၁၉၈၉ အောက်တိုဘာမှာ ပီကင်းကို သွားပြီး အကူအညီတောင်းချိန်ကစပြီး ဗမာစစ်အစိုးရဟာ တရုတ်ဩဇာခံဖြစ်လာတယ်လို့ ဆိုတယ်။ အဲဒီတုန်းက ဗိုလ်သန်းရွှေဟာ တရုတ်ခေါင်းဆောင်ပိုင်းကို တွေ့ခွင့်မရခဲ့ပါဘူး။ အဲဒီ အချိန်ကစပြီး အစဉ်အလာ ကြားနေရေးလမ်းစဉ်လည်း ပျက်စီးပါတော့တယ်။

ဗမာစစ်အစိုးရက လက်နက်ပစ္စည်းအမြောက်အမြား တရုတ်ဆီကဝယ်ချင်တယ်။ တရုတ်ကလည်း လက်နက်သာမကဘဲ ကုန်ပစ္စည်းအပေါစားတွေကို မြန်မာ့ဈေးကွက်မှာရောင်းပြီး အခြားအခွင့်အရေးကိုလိုချင်တဲ့အတွက် ဗမာစစ်အစိုးရကိုကူညီဖို့ ဆုံးဖြတ်လိုက်တာပါပဲ။ အပယ်ခံဘဝမှာ ဘေးထိုင်ဘိုင်ကျနေတဲ့ ဗမာစစ်အစိုးရကို တရုတ်ကငွေထုတ်ချေးပြီး တရုတ်ပစ္စည်းကို ဝယ်ခိုင်းတဲ့ အစီအစဉ်ဖြစ်ပါတယ်။ ဗမာဗိုလ်ချုပ်တွေကိုဂုဏ်ပြုတဲ့အနေနဲ့ တရုတ်ဝန်ကြီးချုပ် "လီဖန်း" ၁၉၉၄ မှာ ရန်ကုန်သွားလည်ပါတယ်။ တရုတ်–ဗမာလက်တွဲဖို့ လမ်းခင်းလိုက်တဲ့ခရီးစဉ်ပါပဲ။ လီဖန်းလာလည်ပြီး တနှစ်လောက်ကြာတော့ ဗိုလ်သန်းရွှေဟာ အစိုးရဧည့်သည်အဖြစ် တရုတ်ပြည်ကို သွားခွင့်ရသွားပါတယ်။

တိုင်းသူပြည်သားရဲ့ဆန့်ကျင်မှုကိုရင်ဆိုင်နေရတဲ့ ဗမာစစ်အစိုးရဟာ စစ်တပ်ကို တိုးချဲ့

ဖွဲ့စည်းပါတယ်။ စစ်သားဦးရေတိုးပွားလာသလို လက်နက်အင်အားလည်း တိုးပွားလာဖို့လိုပါ တယ်။ ဒီနေရာမှာ တရုတ်အစိုးရက အားသွန်ခွန်စိုက် ကူညီပါတော့တယ်။ ၁၉၉၁ က ၁၉၉၅ အထိ လက်နက်ပစ္စည်း ဒေါ်လာသန်းတထောင်ဖိုးဝယ်ယူနိုင်အောင် တရုတ်အစိုးရက ဒေါ်လာ သန်း ၇၅၀ ထုတ်ချေးပါတယ်။ ဒါပေမယ့် တရုတ်ဆီကရတဲ့ သံချပ်ကာကား၊ တင့်ကားနဲ့ ဂျက် လေယာဉ်ကို တောကြိုတောင်ကြားက ပြောက်ကျားသူပုန်ကိုတိုက်ရာမှာ မသုံးနိုင်ပါဘူး။ နအဖ အစိုးရမှာ ရန်သူနည်းသွားတာဟာ တရုတ်ဆီကလက်နက်ရလို့မဟုတ်ဘဲ တိုင်းရင်းသားအဖွဲ့ တွေအကြား သပ်လျှိုပြီး အပစ်အခတ်ရပ်စဲနိုင်လို့သာ ဖြစ်ပါတယ်တဲ့။

ဒါပေမဲ့ တရုတ်ဆီကရထားတဲ့ပစ္စည်းတွေကြောင့် စစ်တပ်ရဲ့ ထောက်ပံ့ဖြည့်တင်းရေး လုပ်ငန်းမှာ အများကြီးတိုးတက်လာပါတယ်။ ခြေလျင်လျှောက်တဲ့ဗမာ့တပ်မတော်ဟာ Logistics ခေါ် ထောက်ပံ့ဖြည့်တင်းရေးဘက်မှာ အားနည်းပါတယ်။ ခြောက်သွေ့ရာသီမှာ စစ်ဆင် ပြီး မိုးတွင်းမှာ တပ်စခန်းမှာနားလေ့ရှိတာမို့ သူပုန်နယ်မြေကို အမြဲတမ်းသိမ်းပိုက်ဖို့ ကြိုးစား တာမျိုး မရှိသလောက်ပါဘဲ။ နဝတ/နအဖလက်ထက်ရောက်လာမှ ထောက်ပံ့ဖြည့်တင်းမှုနဲ့ တပ်ပြောင်းရွှေ့မှုလွယ်ကူအောင် လမ်းဖောက်တံတားဆောက်လာတဲ့အတွက် ရာသီမရွေး စစ်ဆင်နိုင်တဲ့အခြေအနေ ရောက်လာပါတယ်။ KNU အမာခံစခန်းတွေဖြစ်တဲ့ မာနယ်ပလောနဲ့ ကော်မူရာကို တိုက်ခိုက်နိုင်ဖို့အတွက် စစ်အင်ဂျင်နီယာတပ်က ၂ နှစ်လောက် လမ်းပန်း ဆက်သွယ်ရေးကောင်းအောင် ပြင်ဆင်ခဲ့ပါတယ်။ ဒီလိုပြင်ဆင်နေတုန်း DKBA ကရင် ဗုဒ္ဓဘာသာအချို့က KNU ကိုပုန်ကန်ပြီး အစိုးရတပ်ကို လမ်းပြပေးတဲ့အတွက် ကရင်အမာခံ စခန်းတွေ ကျသွားတာပါ။

တရုတ်အကူအညီနဲ့ အင်အားတိုးချဲ့တဲ့အတွက် ဗမာတပ်မတော်ဟာ အရင်ကထက် ပိုပြီး အားကောင်းလာပါတယ်။ သံချပ်ကာကားနဲ့ တင့်ကားတွေ ဝယ်ထားတာဟာ နယ်စပ် တိုက်ပွဲမှာ သုံးဖို့မဟုတ်ဘဲ တိုင်းသူပြည်သားတွေ ကန့်ကွက်ဆန္ဒပြလာရင် အလွယ်တကူ နှိမ်နင်း ဖို့ပဲ ဖြစ်ပါတယ်တဲ့။ ဒါပေမဲ့ တရုတ်ဆီကငွေချေးပြီး တရုတ်ပစ္စည်းတွေဝယ်ယူထားလို့ အကြွေးတင် လာတာကို ဗမာစစ်အစိုးရ ပြန်ဆပ်နိုင်ဖို့ မလွယ်ပါဘူး။ စစ်တပ်ကိုထောက်ပံ့လေလေ ပညာရေး၊ ကျန်းမာရေး၊ သယ်ယူပို့ဆောင်ရေး စတဲ့ အခြေခံအဆောက်အအုံတွေ ကောင်းမွန်အောင်လုပ်ဖို့ ဘဏ္ဍာငွေ လျော့နည်းလေလေ ဖြစ်လာပါတယ်။

ခေတ်မီစစ်တပ်ထားတာ ငွေကုန်ကြေးကျ အကုန်အကျများပါတယ်။ ကြည်း၊ ရေ၊ လေ ပူးတွဲစစ်ရေးလေ့ကျင့်ခန်းဟာ စရိတ်ကြီးလေးတဲ့လုပ်ငန်းဖြစ်ပါတယ်။ စစ်ရေးလေ့ကျင့်ခန်း မလုပ် နိုင်ရင် ဝယ်ထားတဲ့လက်နက်ပစ္စည်းကို ထိထိရောက်ရောက် သုံးနိုင်မှာမဟုတ်ပါဘူး။ စစ်တပ် ခေတ်မီလာလေလေ ရုံးထိုင်တဲ့ ကျွမ်းကျင်သူအရာရှိတွေ များလာလေလေမို့ နယ်ကတပ်မှူးတွေ နဲ့ အဆင်မပြေ ဖြစ်လာနိုင်တဲ့အတွက် တပ်မတော်စည်းလုံးညီညွတ်ရေးကို ထိခိုက်လာနိုင်ပါ တယ်။ လက်ရှိအခြေအနေမှာတော့ တပ်မတော်ဟာ တိုင်းသူပြည်သားကိုမလေးစားတဲ့ တရုတ် အားကိုး စစ်ဗိုလ်တစုရဲ့ လက်ကိုင်တုတ်သာဖြစ်နေကြောင်း အမေရိကန်ဆီးနိတ်လွှတ်တော် အာရှရေးရာသုတေသီ Frank Jannuzi သုံးသပ်ထားတာကို တင်ပြလိုက်ပါတယ်။

# (၁၁)

## မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံတဲ့ နိုင်ငံခြားကုမ္ပဏီများ

မြန်မာနိုင်ငံမှာ တိုက်ရိုက်ရင်းနှီးမြှုပ်နှံတဲ့ နိုင်ငံခြားကုမ္ပဏီတွေအကြောင်း အမေရိကန်ပြည်ထောင်စု **Yale** တက္ကသိုလ်ပါမောက္ခ **Mark Mason** ရေးတဲ့စာတမ်းကို မြန်မာ့ဒီမိုကရေစီအလားအလာ အပိုင်း ၁၁ မှာ တင်ပြလိုက်ပါတယ်။ နိုင်ငံခြားမှာရင်းနှီးမြှုပ်နှံတဲ့ **Multinationals** ခေါ် နိုင်ငံစုံကုမ္ပဏီအကြောင်းကို ပါမောက္ခ **Mason** က အထူးသုတေသနလုပ်ပါတယ်။ မြန်မာပြည်မှာ ပထမဆုံးရင်းနှီးမြှုပ်နှံတဲ့ အနောက်တိုင်းသားဟာ ပေါ်တူဂီဖြစ်ပါတယ်။ ၁၆ ရာစုကစပြီး မြန်မာပြည်မှာ ပေါ်တူဂီကုမ္ပဏီတွေ ရှိခဲ့ပါတယ်။ ဒါပေမဲ့ အင်္ဂလိပ်ကိုလိုနီဘဝ ရောက်တော့မှ မြန်မာပြည်မှာ နိုင်ငံခြားကုမ္ပဏီအများအပြား ရင်းနှီးမြှုပ်နှံလာကြတာပါ။ လွတ်လပ်ရေးရတော့လည်း နိုင်ငံခြားကုမ္ပဏီတွေဟာ မြန်မာ့စီးပွားရေးမှာ အရေးကြီးတဲ့အခန်းကဏ္ဍက ဆက်လက်ပါဝင်ခဲ့ပါသေးတယ်။

၁၉၆၂ မှာ ဗိုလ်နေဝင်းခေါင်းဆောင်ပြီး စစ်အာဏာသိမ်းလိုက်တော့မှပဲ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုကို လက်မခံသလောက် ဖြစ်သွားပါတယ်။ ကမ်းလွန်ရေနံရှာဖွေရေးနဲ့ လက်နက်ခဲယမ်းထုတ်လုပ်မှုကလွဲပြီး နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုကို အနှစ်အစိတ်လောက် ပိတ်ပင်ခဲ့ပါတယ်။ နဝတ/နအဖ စစ်အစိုးရတက်လာတဲ့အခါမှာ နိုင်ငံခြားတိုက်ရိုက်မြှုပ်နှံမှုကိုလက်ခံတဲ့ဥပဒေကို ၁၉၈၈ မှာ ပြဋ္ဌာန်းပြီး ၁၉၈၉ ကစပြီး နိုင်ငံခြားအရင်းအနှီးတွေကို လက်ခံလာခဲ့ပါတယ်။ ၁၉၉၆ အထိလက်ခံခဲ့တဲ့ နိုင်ငံခြားရင်းနှီးမှု ဒေါ်လာသန်းပေါင်း သုံးထောင်ကျော်ဖိုး ဗမာစစ်အစိုးရက အတည်ပြုပေမယ့် လက်တွေ့အကောင်အထည်ဖော်နိုင်တာက ဒေါ်လာ သန်းတထောင်ကျော်ဖိုးသာ ရှိပါတယ်တဲ့။ အတည်ပြုထားတဲ့ ရင်းနှီးမြှုပ်နှံမှုထဲမှာ ရေနံနဲ့ သဘာဝဓာတ်ငွေ့က အများဆုံးဖြစ်ပြီး ခရီးသွားနဲ့ သတ္တုတွင်းလုပ်ငန်းက နောက်ကလိုက်နေပါတယ်။

မြန်မာ့ကုမ္ပဏီအက်ဥပဒေအရ မှတ်ပုံတင်ထားတဲ့လုပ်ငန်းတွေမှာ ရင်းနှီးမြှုပ်နှံထားတဲ့ နိုင်ငံခြားကုမ္ပဏီလည်း ရှိပါသေးတယ်။ မူးယစ်ဆေးကရတဲ့ငွေနဲ့ ရင်းနှီးထားတာတွေလည်း ရှိပါတယ်။ ဒီကြားထဲ အစိုးရစာရင်းဇယားက ဘယ်တော့မှ ပြည့်စုံတာမဟုတ်တဲ့အတွက် မြန်မာပြည်က နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို ခန့်မှန်းရတာ အလွန်ခက်ခဲတယ်လို့ ဆိုပါတယ်။ ကွန်မြူနစ်ဗီယက်နမ်က နိုင်ငံခြားရင်းနှီးမှုပမာဏဟာ မြန်မာပြည်ထက်များပါတယ်။ မြန်မာပြည်ရဲ့ နိုင်ငံခြားရင်းနှီးမှုဟာ ကမ္ဘောဒီးယားတို့ လာအိုနိုင်ငံတို့နဲ့ ပိန်မသာလိန်မသာဖြစ်နေတယ်လို့ ဆိုပါတယ်။ လာအိုနိုင်ငံလူဦးရေဟာ မြန်မာ့လူဦးရေရဲ့ ဆယ်ပုံတပုံသာဖြစ်ပေမယ့် နိုင်ငံခြားရင်းနှီးမှုမှာတော့ အတူတူ ဖြစ်နေပါတယ်။

မြန်မာပြည်မှာ နိုင်ငံခြားကုမ္ပဏီတွေ လာရောက်ရင်းနှီးရတဲ့ အဓိကအကြောင်းရင်းကိုလည်း ဖော်ပြထားပါတယ်။ သဘာဝဓာတ်ငွေ့၊ ကျွန်းသစ်၊ ဓာတ်သတ္တု၊ ငါးလုပ်ငန်း၊ စိုက် ပျိုးရေးစတာတွေမှာ အမြတ်ရနိုင်တာဟာ ပထမအကြောင်းရင်းပါပဲတဲ့။ ခရီးသွားလုပ်ငန်းမှာ ရင်းနှီးတာကတော့ မြန်မာ့ရှေးဟောင်းယဉ်ကျေးမှုနဲ့ သဘာဝအလှကြောင့်ဖြစ်ပါတယ်။ နောက်တချက်

ကတော့ အလုပ်သမားခ အလွန်နည်းလို့ပါပဲ။ နိုင်ငံပိုင်မသိမ်းဖို့နဲ့ ပထမသုံးနှစ်မှာ အခွန်တော်မကောက်ခံဖို့ ကတိပေးထားတာလည်း အကြောင်းတခုပါပဲ။ စီးပွားရေးတိုးတက်နေတဲ့နိုင်ငံတွေ ပတ်လည်ဝိုင်းနေတဲ့ မြန်မာပြည်ဟာ တနေ့ကျရင် အိမ်နီးချင်းနိုင်ငံတွေကို အမီလိုက်နိုင်လိမ့်မယ်လို့ မျှော်လင့်တာဟာလည်း နိုင်ငံခြားက ရင်းနှီးမြှုပ်နှံတဲ့ အကြောင်းတခုပါပဲ။

ဒါပေမယ့် မြန်မာပြည်မှာမရင်းနှီးချင်တဲ့ အကြောင်းရင်းတွေလည်း အများကြီးရှိပါတယ်။ အဆိုးဆုံးက တရားဝင်အစိုးရမရှိလို့ နိုင်ငံရေးမတည်ငြိမ်တဲ့ပြဿနာဖြစ်ပါတယ်။ စစ်အစိုးရရဲ့ လူ့အခွင့်အရေးချိုးဖောက်မှုကို ကုလသမဂ္ဂနဲ့ အပြည်ပြည်ဆိုင်ရာက ဝေဖန်ရှုတ်ချနေတာဟာလည်း နိုင်ငံခြားကုမ္ပဏီကို တွန့်ဆုတ်စေပါတယ်။ နောက်တချက်ကတော့ မြန်မာပြည်မှာ စီးပွားရေးမလုပ်ဖို့ ဒီမိုကရေစီဘက်တော်သားတွေက နိုင်ငံခြားကုမ္ပဏီတွေကို တိုက်တွန်းနေတာပါပဲ။ မြန်မာပြည်မှာ ရင်းနှီးမြှုပ်နှံတဲ့ကုမ္ပဏီတွေကို သပိတ်မှောက်မှု၊ ဒီမိုကရေစီလိုလားတဲ့ ကုမ္ပဏီအစုရှယ်ယာရှင်တွေက ဖိအားပေးမှု၊ ကုမ္ပဏီကို နာမည်ပျက်အောင်လုပ်မှု စသည်ဖြင့် မြန်မာနိုင်ငံနဲ့ မဆက်ဆံဖို့ နည်းမျိုးစုံနဲ့လှုပ်ရှားကြပါတယ်။

နိုင်ငံရေးတိုးတက်မှုဆိတ်သုဉ်းနေတဲ့မြန်မာနိုင်ငံကို အကန့်အသတ်နဲ့သာ ဆက်ဆံဖို့ အနောက်တိုင်းအစိုးရတွေက ဆုံးဖြတ်ကြပါတယ်။ အခုဆိုရင် မြန်မာနဲ့ကုန်မသွယ်ဖို့ အမေရိကန်အစိုးရက ဆုံးဖြတ်ထားပါတယ်။ ဒါတွေကို မြန်မာပြည်မှာရင်းနှီးမြှုပ်နှံချင်တဲ့ နိုင်ငံခြားကုမ္ပဏီတွေ သတိထားလာကြရပါတယ်။ ငွေဖလှယ်နှုန်း ၂ မျိုးရှိနေတာဟာ နိုင်ငံခြားကုမ္ပဏီအဖို့ စိတ်ပျက်စရာပါပဲ။ ကျပ်ငွေကိုဖလှယ်လို့မရတဲ့ နိုင်ငံခြားကုမ္ပဏီတွေဟာ သူတို့ရတဲ့ကျပ်ငွေနဲ့ ကုန် ပစ္စည်းဝယ်ယူပြီး နိုင်ငံခြားကိုတင်ပို့နေရတာဟာ ငွေကုန်လူပန်းဖြစ်နေပါတယ်။ နိုင်ငံပိုင်လုပ်ငန်းတွေ ကျန်ရှိနေသေးတာဟာလည်း နိုင်ငံခြားကုမ္ပဏီတွေ စိတ်ပျက်ရတဲ့အကြောင်းတခုပါပဲ။ နိုင်ငံခြားကုမ္ပဏီတွေဟာ လုပ်ရည်ကိုင်ရည်ညံ့ဖျင်းတဲ့ အစိုးရလုပ်ငန်းကို မလွှဲမရှောင်သာလို့ ဆက်သွယ်လုပ်ကိုင်ရပါတယ်။ အလေအလွင့်များတဲ့အစိုးရလုပ်ငန်းဟာ တိုင်းပြည်ထုတ်လုပ်မှုရဲ့ ငါးပုံတပုံဖြစ်နေတာမို့ အစိုးရလုပ်ငန်း လုပ်ရည်ကိုင်ရည်ညံ့ဖျင်းလေလေ စီးပွားရေးတိုးတက်ဖို့ နှောင့်နှေးလေလေ ဖြစ်နေတာကလည်း မြန်မာပြည်မှာရင်းနှီးမြှုပ်နှံဖို့ စိတ်မဝင်စားကြတဲ့ အကြောင်းရင်းတရပ် ဖြစ်ပါတယ်တဲ့။

ဗမာ့ဗျူရိုကရေစီစရိုက်ကိုလည်း နိုင်ငံခြားကုမ္ပဏီတွေ စိတ်ပျက်ကြပါတယ်။ အစိုးရအရာထမ်းတွေဟာ အာဏာပြချင်စိတ် စွက်ဖက်ချင်စိတ်များတာမို့ နေရာတကာ သူတို့ဆီက ခွင့်ပြုချက်ရဖို့ လိုပါတယ်။ ဒီကြားထဲ ဘာမပြောညာမပြောနဲ့ စည်းမျဉ်းစည်းကမ်းနဲ့ လုပ်ထုံးလုပ်နည်းကို ထင်သလိုပြောင်းပစ်တာမျိုးလည်း ရှိပါတယ်။ စည်းမျဉ်းဥပဒေထက် လူပုဂ္ဂိုလ်ကပို အရေးကြီးနေတာမို့ နေရာတကာ လာဘ်ထိုးနေရတာကိုလည်း နိုင်ငံခြားကုမ္ပဏီတွေ စိတ်ပျက်ကြပါတယ်။ ကုန်ဈေးနှုန်း အမြဲတမ်းထိုးတက်နေပြီး ကျပ်ငွေတန်ဖိုး ကျဆင်းနေတာကြောင့် စီးပွားရေး မတည်ငြိမ်ပါဘူး။ ဒီလိုအခြေအနေမှာ ဗမာစစ်အစိုးရကို ဝိုင်းဝန်းအရေးယူဖို့ အပြည်ပြည်ဆိုင်ရာမှာတိုက်တွန်းကြတာကြောင့် မြန်မာပြည်မှာ ရင်းနှီးမြှုပ်နှံဖို့ကိစ္စကို အလွယ်တကူ မဆုံးဖြတ်ရဲကြတာပါ။ ရင်းနှီးထားပြီးမှ တွက်ခြေမကိုက်လို့ နာမည်ပျက်မှာစိုးလို့ ထွက်ခွါသွားကြတဲ့ အနောက်တိုင်းကုမ္ပဏီတွေလည်း မနည်းတော့ပါဘူး။

ဒါပေမယ့် တရုတ်၊ အိန္ဒိယ၊ ဂျပန်နဲ့ အရှေ့တောင်အာရှအစိုးရတွေကတော့ ဗမာစစ်အစိုးရကို အပြုသဘောနဲ့ဆက်ဆံပြီး သူတို့ကုမ္ပဏီတွေကို မြန်မာပြည်မှာရင်းနှီးမြှုပ်နှံဖို့ အားပေးအားမြှောက် လုပ်ကြပါတယ်။ ဒါကြောင့် စင်္ကာပူ၊ ထိုင်းနဲ့ မလေးရှားကုမ္ပဏီတွေ မြန်မာပြည်မှာ ခြေရှုပ်လာတာ တွေ့ရပါတယ်။ ဥပဒေစည်းမျဉ်းကိုအဓိကမထားဘဲ လူပုဂ္ဂိုလ်ချင်းဆက်ဆံရေးကိုသာ အဓိကထားတဲ့ အာရှဓလေ့ကြောင့် အာရှကုမ္ပဏီတွေ မြန်မာပြည်မှာ အလုပ်ဖြစ်နေပုံရပါတယ်။ မြန်မာ့စီးပွားရေးကို အာရှကကြီးစိုးလာတဲ့အတွက် အမေရိကန်နဲ့ ဥရောပနိုင်ငံတွေဟာ ဗမာစစ်အစိုးရအပေါ် ဩဇာရှိနိုင်ပါတော့မလားဆိုတာ စဉ်းစားစရာဖြစ်လာကြောင်း ပါမောက္ခ Mark Mason သုံးသပ်ထားတာကို တင်ပြလိုက်ပါတယ်။

☆ ☆ ☆

# (၁၂)

## ပညာရေးနဲ့ အစိုးရရဲ့ကဏ္ဍ

အမေရိကန်ပြည်ထောင်စု ဝါရှင်တန်မြို့တော်အခြေစိုက် အာရှဖောင်ဒေးရှင်းအရာထမ်း John J. Brandon ရေးတဲ့ မြန်မာ့ပညာရေးစာတမ်းကို မြန်မာ့ဒီမိုကရေစီအလားအလာ အပိုင်း ၁၂ မှာ တင်ပြလိုက်ပါတယ်။ လွန်ခဲ့တဲ့အနှစ် ၄၀ အတွင်း အာဆီယံ (ခေါ်) အရှေ့တောင်အာရှနိုင်ငံတွေ ဖွံ့ဖြိုးတိုးတက်လာကြပါတယ်။ စီးပွားရေးတိုးတက်တာနဲ့အတူ ပညာရေး၊ ကျန်းမာရေးမှာ ရင်းနှီးမြှုပ်နှံကြတဲ့အတွက် လူမှုအဆင့်အတန်း မြင့်လာပါတယ်။ ဒါပေမယ့် ဒီအထဲမှာမြန်မာပြည် မပါပါဘူး။ မဆလစစ်အစိုးရရဲ့ အထီးကျန်စီးပွားရေးလမ်းစဉ်ကြောင့် မြန်မာ့ဘဝ ချွတ်ခြုံကျသွားပါတယ်။

မဆလစစ်အစိုးရကိုဆန့်ကျင်တဲ့ ၈၈ ဒီမိုကရေစီလှုပ်ရှားမှုကို စစ်တပ်ကနှိမ်နင်းပြီး နဝတစစ်အစိုးရဖွဲ့လိုက်တဲ့အခါမှာ စစ်တပ်တိုးချဲ့ရေးကို ဦးစားပေးတဲ့အတွက် ပညာရေး၊ ကျန်းမာရေးအပါအဝင် လူမှုရေးဘက်မှာ အသုံးစရိတ်နည်းသွားပါတယ်။ ပညာရေးနဲ့ ကျန်းမာရေးဘက်မှာ ယိုယွင်းပျက်စီးလာပုံကို ဒေါ်အောင်ဆန်းစုကြည်က အမြဲတမ်း ထောက်ပြပါတယ်။ ဒါကို တုံ့ပြန်တဲ့အနေနဲ့ ဗိုလ်ခင်ညွန့်က ပညာရေးအတွက် အမေရိကန်ဒေါ်လာသန်းရှစ်ရာနီးပါး သုံးကြောင်း၊ အထက်တန်းဆရာဆရာမတွေကို ၁၉၉၆ က ပြောပြပါတယ်။ အစိုးရ သတ်မှတ်တဲ့အတိုင်း တဒေါ်လာ ၆ ကျပ်နှုန်းနဲ့တွက်ပြတော့ သန်းရှစ်ရာဖြစ်နေပေမယ့် ကာလပေါက်ဈေးနဲ့တွက်ရင်တော့ သန်း ၅၀ တောင် ရှိမှာမဟုတ်ပါဘူးတဲ့။

ကျန်းမာရေးနဲ့ပညာရေးမှာ ငွေကုန်မခံချင်တဲ့ စစ်အစိုးရ တက်နေသမျှတော့ မြန်မာ့စီးပွားရေးဟာ အိမ်နီးချင်းနိုင်ငံတွေကို မီအောင်လိုက်နိုင်မှာမဟုတ်ပါဘူး။ အရည်အချင်းရှိပြီး တရားမျှတစွာအုပ်ချုပ်မယ့် အမှုထမ်းကောင်းလည်း မြန်မာပြည်မှာ ပေါ်ထွက်လာမှာမဟုတ်ပါဘူး။ ကျန်းမာသန်စွမ်းပြီး ပညာတတ်တဲ့နိုင်ငံသားကသာ တိုင်းပြည်စီးပွားရေးကို တိုးတက်ဖွံ့ဖြိုးအောင် လုပ်နိုင်စွမ်းရှိတယ်လို့ ဆိုပါတယ်။

တကယ်တော့ ၁၉၆၂ မှာ ဗိုလ်နေဝင်းအာဏာသိမ်းချိန်ကစပြီး မြန်မာ့ပညာရေး အဆင့်အတန်း ကျဆင်းလာတာ အခုခေတ်အထိပါပဲ။ မကျေနပ်တဲ့ကျောင်းသားတွေ ဆန္ဒပြ ကန့်ကွက်တိုင်း အကြမ်းဖက်နှိမ်နင်းပြီး ကျောင်းတွေကိုပိတ်ပစ်တာမို့ စာသင်ချိန်ရဲ့ ၂၀ ရာခိုင်နှုန်းဟာ ကျောင်းပိတ်ချိန်ဖြစ်နေပါတယ်။ ၁၉၈၈ မှာ ဆယ်တန်းအောင်သူဟာ ၆ နှစ်ကြာတော့မှ ၁၉၉၄ မှာ တက္ကသိုလ် ရောက်ပါတယ်။ စစ်အစိုးရဟာ အချိန်မရွေး ရက်အကန့်အသတ်မရှိ ကျောင်းပိတ်ပစ်ဖို့ ဝန်မလေးပါဘူး။

ပညာရေးကို စစ်အစိုးရ ဦးစားမပေးပေမယ့် သမိုင်းကိုကြည့်ရင် မြန်မာပြည်ဟာ စာတတ်သူ ဦးရေ များတဲ့နိုင်ငံဖြစ်နေတာ တွေ့ရပါတယ်။ မဆလခေတ်က အသုံးလုံးသင်တန်းတွေလုပ်ခဲ့လို့ ကုလသမဂ္ဂ UNESCO ဆုတောင် ရဘူးပါတယ်။ လူဦးရေ ၈၀ ရာခိုင်နှုန်းဟာ စာတတ်သူ ဖြစ်ပါတယ်။ ဒါပေမယ့် နိုင်ငံခြားကချေးထားတဲ့ဒေါ်လာငွေကို အတိုးဆပ်ဖို့တောင် မတတ်နိုင်တော့တဲ့အတွက် အဆင်းရဲဆုံးနိုင်ငံစာရင်းမှာ မြန်မာကိုပါထည့်သွင်းဖို့ မဆလအစိုးရက ကုလသမဂ္ဂမှာ လျှောက်ထားပါတယ်။ အဆင်းရဲဆုံးလို့သတ်မှတ်ခံရရင် နိုင်ငံခြားချေးငွေကို အတိုးပေးစရာ မလိုတော့ဘူးလေ။ ဒါပေမယ့် ပြဿနာက စာတတ်သူဦးရေဟာ လူဦးရေရဲ့ ၂၀ ရာခိုင်နှုန်းအောက်မှာ ရှိမှ အဆင်းရဲဆုံးအဆင့်ကို ရနိုင်ပါတယ်။ ဒီအခါမှာ စာတတ်သူ ၈၀ ရာခိုင်နှုန်းရှိတာကို ၁၈ ရာခိုင်နှုန်းသာရှိပါတယ်လို့ မဆလအစိုးရ ပြောင်လိမ်တာကို ကုလသမဂ္ဂကယုံတဲ့အတွက် မြန်မာပြည်ကို အဆင်းရဲဆုံးနိုင်ငံအဖြစ် သတ်မှတ်လိုက်ပါတယ်။

လက်ရှိပညာရေးစနစ်ကိုဖန်တီးသူဟာ မဆလစစ်အစိုးရပါ။ မူလတန်း ၅ နှစ်၊ အလယ်တန်း ၄ နှစ်၊ အထက်တန်း ၂ နှစ် စုစုပေါင်း ၁၁ နှစ် အခြေခံပညာသင်ယူဖို့ ပြဋ္ဌာန်းပါတယ်။ ဒီအထဲက ၃ ရာခိုင်နှုန်းလောက်ပဲ ကောလိပ်နဲ့တက္ကသိုလ်ကိုရောက်ပါတယ်။ ကျောင်းဆောက်ပြီး ဆရာတွေခန့်တာကို မကြာခဏပြောနေပေမယ့် လက်တွေ့မှာတော့ ကျောင်းနေရမယ့်အရွယ် ကလေးသူငယ် ၄၀ ရာခိုင်နှုန်းဟာ မူလတန်းကျောင်း မတက်နိုင်ပါဘူး။ ကျောင်းစရိတ်အပြင် ဘာကြေးညာကြေး ပေးရတာများလွန်းလို့ မူလတန်းပညာသင်ဖို့ မတတ်နိုင်တဲ့မိဘတွေ အများကြီး ရှိနေပါတယ်။ ဒါပေမယ့် ဟန်ပြကောင်းဖို့အတွက် ကုလသမဂ္ဂကလေးအခွင့်အရေး စာချုပ်ကို စစ်အစိုးရက ၁၉၉၁ မှာ လက်မှတ်ထိုးပါတယ်။ ဒီစာချုပ်အရ ကလေးတွေ အခြေခံပညာသင်ယူရာမှာ မိဘက ငွေကုန်ခံစရာမလိုပါဘူး။

တိုင်းပြည်စီးပွားရေး ယိုယွင်းပျက်စီးတဲ့ဒဏ်ကို ပညာရေးလောကတခုလုံး လှိမ့်ခံနေရပါတယ်။ ကျူရှင်ပေးပြီး ငွေပိုရှာမှု၊ စာမေးပွဲမေးခွန်းရောင်းစားမှု၊ ရှုံးသူကို အအောင်ပေးမှု စသည်ဖြင့် ငွေပေးရင် ဘာမဆိုဖြစ်နိုင်တဲ့ပညာရေးဟာ အရည်အသွေး မကောင်းနိုင်ပါဘူး။ ပြည်နယ်ပညာရေးစနစ်ဟာ တိုင်းရင်းသားတွေကိုချုပ်ကိုင်ဖို့ ရည်ရွယ်ပါတယ်။ တရုတ်–ကုလားအနွယ်ဝင် FRC နိုင်ငံခြားသားမှတ်ပုံတင်ကိုင်ဆောင်သူတွေကတော့ အနှိမ်ခံရဆုံးလူတန်းစားဖြစ်ပါတယ်။

စစ်အစိုးရအဆက်ဆက်ဟာ ပညာရေးလွတ်လပ်မှုနဲ့ ပညာရေးအခွင့်အလမ်းကို ကန့်သတ်ချုပ်ချယ်ထားပါတယ်။ အလယ်တန်းပညာလောက်သာသင်ဖူးတဲ့ စစ်ခေါင်းဆောင်တွေဟာ ပညာတတ်ကို အမြင်ကတ်တာမို့ ကျောင်းသား/ဆရာကို ချုပ်ချယ်တာပါတဲ့။ မိမိ ယုံကြည်

ချက်ကို ထုတ်ဖော်ပြောဆိုသူတွေကို ၁၉၈၈ က ထောင်ချပြီး ပစ်သတ်ခဲ့ပါတယ်။ စစ်အစိုးရရဲ့ ပညာရေးလမ်းစဉ်ကတော့ ကျောင်းသားတွေ လူမစုနိုင်အောင် လူစုခွဲထားရေး၊ ကျောင်းသား လုပ်တာကို ဆရာကတာဝန်ယူရေး၊ ကျောင်းသား/ဆရာ နိုင်ငံရေးမှာမပါရေး စတဲ့အချက် ၃ ချက်သာဖြစ်ပါတယ်။

အခြေခံပညာရေးအဆင့်အတန်း မြင့်လာအောင်မလုပ်ဘဲ စီးပွားရေးမှာ ခေတ်မီ နည်းပညာ မသုံးနိုင်ပါဘူး။ နိုင်ငံသားရဲ့ အခြေခံပညာအဆင့် မြင့်မားလာအောင် စစ်တပ်အသုံးစရိတ် လျှော့ပြီး ပညာရေးနဲ့ကျန်းမာရေးကို ဦးစားပေးရပါလိမ့်မယ်။ အခြေခံပညာ တိုးတက်လာလို့ စီးပွားရေးတိုးတက်လာတာဟာ မြန်မာ့အိမ်နီးချင်းနိုင်ငံတွေပါ။ နိုင်ငံသားစွမ်းရည်တိုးတက်ရေး အတွက် မရင်းနှီးတဲ့စစ်အစိုးရဟာ တိုင်းပြည်စီးပွားရေးတိုးတက်အောင် မလုပ်နိုင်ပါဘူး။ ချမ်းသာတဲ့ အိမ်နီးချင်းနိုင်ငံတွေ စစ်သားဦးရေလျှော့ချနေချိန်မှာ ဆင်းရဲတဲ့မြန်မာက စစ်သားဦးရေ တိုးချဲ့နေတာ တိုင်းပြည်အတွက် အကျိုးမရှိပါဘူး။

ဗိုလ်နေဝင်း စစ်အစိုးရ ၁၉၆၂ မှာ အာဏာမသိမ်းမီက မြန်မာနဲ့ထိုင်းနိုင်ငံဟာ သူမသာကိုယ်မသာပါ။ ဒါပေမယ့် ပညာရေးမှာရင်းနှီးမြှုပ်နှံလာတဲ့ ထိုင်းနိုင်ငံမှာ ကလေးသူငယ်အားလုံး မသင်မနေရမူလတန်းပညာကို သင်ယူနိုင်ခဲ့ပါတယ်။ အခုတော့ ၉ တန်းအထိ မသင်မနေရပညာ သင်ကြားရပါတယ်။ ဒါကြောင့် ထိုင်းနိုင်ငံသားတဦးရဲ့ နှစ်စဉ်ဝင်ငွေဟာ မြန်မာနိုင်ငံသားထက် ဆယ်ဆ သာနေပါပြီ။ အင်ဒိုနီးရှားကလည်း မြန်မာပြည်ထက်သာပါတယ်။ ကလေးသူငယ် ၉၀ ရာခိုင်နှုန်းကျော် မူလတန်းပညာသင်နိုင်ပြီမို့ မသင်မနေရပညာကို ၉ တန်းအထိ တိုးမြှင့်လိုက်ပါပြီ။

စီးပွားရေးတိုးတက်မှုနဲ့ ပညာရေး၊ ကျန်းမာရေးတိုးတက်မှု ဆက်စပ်နေတာကို စစ်အစိုးရ မမြင်နိုင်သမျှကာလပတ်လုံး မြန်မာနိုင်ငံသားတွေမှာ အနာဂတ်ရှိမှာမဟုတ်ဘဲ ဆင်းရဲမွဲတေနေဦးမှာဖြစ်ကြောင်း John Brandon သုံးသပ်ထားတာကို တင်ပြလိုက်ရပါတယ်။

☆ ☆ ☆

# (၁၃)

## ကျန်းမာရေးအခြေအနေ

မြန်မာ့ကျန်းမာရေးအခြေအနေအကြောင်း World Vision ခေါ် NGO တသီးပုဂ္ဂလ ကယ်ဆယ်ရေးအဖွဲ့က မြန်မာပြည်တာဝန်ခံ David A.Chandler ရေးတဲ့စာတမ်းကို မြန်မာ့ဒီမိုကရေစီ အလားအလာ အပိုင်း ၁၃ မှာ တင်ပြလိုက်ပါတယ်။ မြန်မာပြည်မှာ လူဦးရေ ၆၀ ရာခိုင်နှုန်းကသာ ကျန်းမာရေးဝန်ထမ်းနဲ့ထိတွေ့နိုင်ပြီး ရေကောင်းရေသန့်ကို အသုံးပြုနိုင်ပါတယ်တဲ့။ ကလေးသူငယ် ၁၆ ရာခိုင်နှုန်းဟာ အာဟာရဓာတ် အလွန်အမင်းချို့တဲ့နေပြီး ၄၃ ရာခိုင်နှုန်းကတော့ အနည်းအကျဉ်းချို့တဲ့နေကြောင်း၊ ငှက်ဖျားရောဂါ၊ တီဘီအဆုတ်ရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါ၊ AIDS ရောဂါ စတဲ့ ရောဂါဖြစ်ပွားမှုနှုန်းဟာ တိုးပွားနေကြောင်း၊ ၁၉၉၇ ကုလသမဂ္ဂအစီရင်ခံစာ

မှာ တွေ့ရပါတယ်တဲ့။ ထမင်းနပ်မှန်နိုင်ဖို့အတွက် အပြင်းအထန်ရုန်းကန်လှုပ်ရှားနေရတဲ့ မိသားစုတွေဟာ ကျန်းမာရေးစရိတ်မတတ်နိုင်ပါဘူး။ ဒါကြောင့် ကုလသမဂ္ဂအဖွဲ့အစည်းနဲ့ NGO တသီးပုဂ္ဂလအဖွဲ့တွေရဲ့အကူအညီဟာ အရေးကြီးပါတယ်။

အာဟာရဓာတ်ပြည့်ဝသူနဲ့ယှဉ်လိုက်ရင် အာဟာရဓာတ်ချို့တဲ့သူဟာ သေဖို့ အလားအလာ ပိုများပါတယ်။ ဒါကြောင့် ဒီကိစ္စကို ဂရုမစိုက်လို့ မဖြစ်ပါဘူး။ စပါးတောင်လို ပုံနေတဲ့ မြန်မာပြည်မှာ ဘယ်သူမှမငတ်နိုင်ဘူးလို့ ယူဆခဲ့ကြပေမယ့် အခုတော့ ကလေးသူငယ် ၁၆ ရာခိုင်နှုန်းဟာ အလွန်အမင်း အာဟာရဓာတ်ချို့တဲ့နေကြောင်း သိရပါတယ်။ World Vision အဖွဲ့က ကယ်ဆယ်ရေးလုပ်ငန်းလုပ်နေတဲ့ မြို့နယ်အချို့မှာ စုံစမ်းမေးမြန်းတဲ့အခါမှာ မိသားစုအများစုဟာ ရိက္ခာမလုံလောက်လို့ ထမင်းရည်သောက်ပြီး ညဘက်မှာ ရေနွေးကြမ်း သောက်ကြရပါတယ်တဲ့။ များသောအားဖြင့်ကတော့ သားငါးကို တခါတရံသာစားနိုင်ကြပါတယ်။ မိသားစုတွေဟာ အသက်ရှင်သန်နိုင်ဖို့ အစွမ်းကုန်ကြိုးစားနေရပါတယ်။

လူဦးရေ ၆၀ ရာခိုင်နှုန်းဟာ အစိုးရကျန်းမာရေးဌာနမှာ ဆေးကုသခွင့်ရှိတယ်ဆိုပေမယ့် ဆေးဝါးရှားပါးမှု၊ ကျန်းမာရေးဝန်ထမ်းမလုံလောက်မှု၊ ဆရာဝန်ဆေးခန်းဖွင့်မှု စတာတွေကြောင့် လက်တွေ့မှာ တိုင်းသူပြည်သားဟာ ပုဂ္ဂလိကဆေးရုံဆေးခန်းနဲ့ တိုင်းရင်းဆေးဆရာတွေကိုပဲ အားကိုးနေရပါတယ်။ ငှက်ဖျားရောဂါ၊ တီဘီအဆုတ်ရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါနဲ့ AIDS ရောဂါကြောင့် သေဆုံးသူဦးရေ တနေ့တခြား တိုးပွားနေပါတယ်။ AIDS ခေါ် ကိုယ်ခံစွမ်းအားကျဆင်းမှုကြောင့် သေဆုံးသူဦးရေလည်း တိုးပွားနေပါတယ်။ World Vision တသီးပုဂ္ဂလ ကယ်ဆယ်ရေးအဖွဲ့က ကူညီနေတဲ့မြို့နယ် ၄ ခုမှာဆိုရင် AIDS ရောဂါနဲ့သေဆုံးသူ တနေ့တယောက်လောက်ရှိတယ်လို့ ဆိုပါတယ်။ HIV ရောဂါပိုးစွဲကပ်တဲ့ပုဂ္ဂိုလ်ဟာ ၆ လက ၃ နှစ်အတွင်း AIDS ရောဂါလက္ခဏာပြတာကို ကော့သောင်မှာစစ်ဆေးတွေ့ရှိရတယ်လို့ ဆိုပါ တယ်။ HIV ရောဂါပိုးဟာ လူတန်းစားအသီးသီးမှာ ပျံ့နှံ့နေတာမို့ HIV/AIDS ရောဂါဆိုး ပြဿနာဟာ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသားပြဿနာကြီး ဖြစ်လာပါတော့တယ်။

ကလေးပညာရေးနဲ့ ကျန်းမာရေးကို မိဘကတာဝန်ယူတာ မြန်မာ့ရိုးရာဓလေ့ပါ။ ဒါပေမယ့် လင်မယားနှစ်ယောက်စလုံး အလုပ်လုပ်တဲ့မိသားစုမှာ ကလေးထိန်းဖို့ ပြဿနာရှိပါတယ်။ အစိုးရ လူမှုဖူလုံရေးဌာနကဖွင့်ထားတဲ့ နေ့ကလေးထိန်းကျောင်းတွေဟာ ထိန်းကျောင်းရမယ့် ကလေးဦးရေရဲ့ ၂ ရာခိုင်နှုန်းလောက်သာ လက်ခံနိုင်တာမို့ ပုဂ္ဂလိက–ကလေးထိန်းကျောင်း၊ ရပ်ကွက်ကလေးထိန်းကျောင်း စသည်ဖြင့် ကိုယ့်နည်းကိုယ့်ဟန်နဲ့ တီထွင်ထားတဲ့အစီအစဉ်တွေ ပေါ်ပေါက်လာတာ တွေ့ရပါတယ်။

မြန်မာပြည်အပါအဝင် တိုးတက်ဖွံ့ဖြိုးစနိုင်ငံတွေကိုကြည့်ရင် မြို့နေကလေးသူငယ်တွေရဲ့ ပညာရေး၊ ကျန်းမာရေးဟာ ကျေးလက်က ကလေးသူငယ်တွေထက် အများကြီးသာနေတာ တွေ့ရပါတယ်။ မြန်မာပြည်က တိုင်းနဲ့ပြည်နယ်တွေကို နှိုင်းယှဉ်ကြည့်မယ်ဆိုရင် တိုင်းတွေက ကလေးသူငယ် ကျန်းမာရေးနဲ့ ပညာရေးအခြေအနေဟာ ပြည်နယ်တွေထက်သာနေတာ တွေ့ရပါတယ်တဲ့။ တိုင်းရင်းသားတွေနေထိုင်ရာပြည်နယ်ဟာ တိုင်းထက် အဆင့်နိမ့်နေပါတယ်။ ဒီလိုဖြစ်နေတာ

ကို ကာကွယ်ဆေးထိုးတဲ့စာရင်းက သက်သေပြနေပါတယ်။ ၁၉၉၄ မှာ ကလေးကာကွယ်ဆေး ထိုးပေးရာမှာ တိုင်း ၇ တိုင်းနဲ့ မွန်ပြည်နယ်မှာ ကလေး ၉၀ ရာခိုင်နှုန်းကို ကာကွယ်ဆေး ထိုး ပေးနိုင်ခဲ့ပေမယ့် ကျန်ပြည်နယ် ၆ နယ်မှာတော့ ကလေး ၂၃ ရာခိုင်နှုန်းကိုသာ ကာကွယ်ဆေး ထိုးပေးနိုင်ခဲ့ပါတယ်။

နယ်စပ်ဒေသမှာ ပိုဆိုးပါတယ်။ တိုက်ပွဲဖြစ်ပွားမှုနဲ့ သွားလာရခက်ခဲမှုကြောင့် နယ်စပ်ဒေသဟာ အစိုးရကျန်းမာရေးစနစ်ကို လက်လှမ်းမမီပါဘူး။ မြို့က ကလေးဟာ တောက ကလေး ထက် သာတယ်ဆိုပေမယ့် ဒီအထဲမှာ မြို့စွန်မြို့ဖျား၊ ရပ်ကွက်သစ်၊ မြို့သစ်က ကလေးတွေ မပါပါ ဘူး။ ရပ်ကွက်သစ်၊ မြို့သစ်ကမိသားစုတွေဟာ အဖေရော အမေပါ အလုပ်လုပ်နိုင်ပါမှ ထမင်း စားရတဲ့အတွက် အသက်ကြီးတဲ့ကလေးက ကျောင်းထွက်ပြီး ငယ်တဲ့ကလေးကို ထိန်းကျောင်းရ ပါတယ်။ တဖက်တလမ်းက ဝင်ငွေရှာတဲ့ကလေးတွေလည်း ကျောင်းမနေနိုင်တော့တာမို့ လမ်း ပေါ်က ကလေးဦးရေ တိုးပွားနေတယ် ဆိုနိုင်ပါတယ်။

အလုပ်လုပ်သူမိဘတဦး ကွယ်လွန်ပြီဆိုရင် ကျန်ရစ်သူကလေးဟာ ရရာအလုပ်နဲ့ အသက်ဆက်ကြရပါတယ်။ ကလေးသူငယ် ရင်ဆိုင်နေရတဲ့ပြဿနာကို မဖြေရှင်းနိုင်သေးပါဘူး။ အလုပ်လုပ်သူ၊ လမ်းပေါ်ရောက်နေသူ၊ စစ်ဒဏ်ခံရသူ၊ AIDS ရောဂါခံစားနေရသူ၊ ပြည့်တန်ဆာ ဖြစ်နေသူ၊ ကိုယ်အင်္ဂါချို့တဲ့သူ၊ ရွှေ့ပြောင်းခံရသူစတဲ့ ဒုက္ခသည်ကလေးတွေ မြန်မာပြည်မှာ အများကြီးရှိပါတယ်။ ဒီကိစ္စကိုအဖြေမရှာမီ ပထမစုံစမ်းစစ်ဆေးပြီး သုံးသပ်အကဲဖြတ်ရပါလိမ့် မယ်တဲ့။ ပြဿနာအတိုင်းအတာကိုသိလာတဲ့အခါမှ အထိရောက်ဆုံး အကောင်းဆုံးနည်းနဲ့ ဖြေရှင်းနိုင်ပါလိမ့်မယ်။ စစ်အစိုးရဟာ ကုလသမဂ္ဂကလေးအခွင့်အရေးစာချုပ်ကို လက်မှတ်ထိုး ထားသူဖြစ်လို့ စာချုပ်ပါတာဝန်ကို ထမ်းဆောင်ဖို့လိုပါတယ်။

မြန်မာပြည်သားအများစုဟာ ဆင်းရဲပါတယ်။ ကုလသမဂ္ဂကလေးသူငယ်ရံပုံငွေအဖွဲ့နဲ့ World Vision အဖွဲ့တို့ ၁၉၉၅ မှာကောက်ယူထားတဲ့စာရင်းဇယားအရ လူဦးရေ ၉၉ ရာခိုင်နှုန်းရဲ့ တဦးချင်းနှစ်စဉ်ဝင်ငွေဟာ အမေရိကန်ဒေါ်လာ ၂၀၀ ကျော် (သို့မဟုတ်) ကျပ်ငွေ သုံးသောင်းပဲ ရှိပါတယ်။ အကြီးအကျယ်ချမ်းသာသူ ဦးရေကတော့ ငါးသောင်းလောက်ပဲရှိမယ်လို့ ခန့်မှန်းထား ပါတယ်။ အိမ်ထောင်စုတစုဟာ မငတ်ဖို့အတွက် မနည်းရုန်းကန်ရသလိုဖြစ်နေပါတယ်။ ပြည်သူ လူထုအများစုဟာ လက်ရှိဘဝ ဆက်လက်ရှင်သန်နိုင်ရေးအတွက် အစွမ်းကုန်ကြိုးပမ်းနေရလို့ အနာဂတ်ကို စဉ်းစားချိန်မရတော့ပါဘူး။

မြန်မာ့ကျန်းမာရေးပြဿနာကို အဖြေရှာရာမှာ အစဉ်အလာလုပ်ရိုးလုပ်စဉ်နည်းတွေကို သုံးလို့မရဘူးလို့ ဆိုပါတယ်။ အစိုးရကျန်းမာရေးဌာနကလည်း ဖြေရှင်းပေးနိုင်မှာ မဟုတ်ပါဘူး။ ဒီနေရာမှာ ကုလသမဂ္ဂအဖွဲ့အစည်းနဲ့ NGO တသီးပုဂ္ဂလအဖွဲ့အစည်းတွေဟာ အရေးကြီးတဲ့ အခန်းကဏ္ဍက ပါဝင်လာပါတယ်။ ဒါကြောင့် ကုလသမဂ္ဂအဖွဲ့အစည်း၊ ပြည်တွင်းပြည်ပက NGO တသီးပုဂ္ဂလအဖွဲ့နဲ့ အာဏာရအစိုးရတို့ ပူးပေါင်းလုပ်ရှားမှ ပြဿနာကို ကိုင်တွယ်နိုင် မှာဖြစ်ကြောင်း David Chandler ရေးသားထားတာကို တင်ပြလိုက်ရပါတယ်။

☆ ☆ ☆

# (၁၄)

## မြန်မာ့နိုင်ငံရေးနာလန်ထဖို့ အလားအလာ

မြန်မာပြည်မှာ နိုင်ငံရေးနာလန်ထနိုင်ဖို့အတွက် နိုင်ငံခြားသားနဲ့ နိုင်ငံခြားရောက်မြန်မာတွေ ပါဝင်လုပ်ကိုင်နိုင်တဲ့ အခန်းကဏ္ဍနဲ့ပတ်သက်ပြီး David Steinberg ရေးထားတဲ့စာတမ်းကို မြန်မာ့ဒီမိုကရေစီအလားအလာ အပိုင်း ၁၄ နိဂုံးပိုင်းမှာ တင်ပြလိုက်ပါတယ်။ David Steinberg ဟာ အမေရိကန်နိုင်ငံ Georgetown တက္ကသိုလ် အာရှလေ့လာရေးဌာန ညွှန်ကြားရေးမှူးဖြစ်ပြီး မြန်မာ့ရေးရာစာအုပ်စာတမ်း အတော်များများ ရေးသားခဲ့သူဖြစ်ပါတယ်။ သူရေးတဲ့ မျက်မှောက်ခေတ်မြန်မာပြည်စာအုပ်ကို လေလှိုင်းထဲကစာအုပ်စင်မှာ တင်ပြခဲ့ပြီးဖြစ်ပါတယ်။ ပြည်တွင်းပြည်ပအန္တရာယ်ကို စိုးရိမ်ထိတ်လန့်နေတဲ့ ဗမာစစ်အစိုးရ အမြင်မှန်ရပြီး တိုင်းသူပြည်သားအကျိုးကို သဒ္ဓါတရားအပြည့်နဲ့ ဆောင်ရွက်လာနိုင်ဖို့အတွက် နိုင်ငံခြားကကူညီနိုင်တယ်လို့ဆိုပါတယ်။ မြန်မာ့ပြဿနာကို မြန်မာနိုင်ငံသားက ဖြေရှင်းရမှာဖြစ်ပေမယ့် နိုင်ငံခြားသားနဲ့ နိုင်ငံခြားရောက်မြန်မာကလည်း တတပ်တအား ပါဝင်နိုင်တယ်လို့ Steinberg ကဆိုပါတယ်။

လေ့လာဆန်းစစ်ပြီးဝေဖန်သုံးသပ်တာမျိုး မြန်မာပြည်မှာ လုပ်ခွင့်မရှိတဲ့အတွက် နိုင်ငံခြားရဲ့အခန်းကဏ္ဍက အရေးကြီးလာတာပါတဲ့။ တပြည်လုံးရင်ဆိုင်နေရတဲ့ပြဿနာကို အမြင့်ဆုံးခေါင်းဆောင်ပိုင်းဆီ တင်ပြတဲ့အစဉ်အလာ ဆိတ်သုဉ်းခဲ့တာ မဆလခေတ် ကတည်းကပါ။ ဒါကြောင့်နိုင်ငံခြားလေ့လာသူတွေ သိရှိနေတဲ့ ပြဿနာနဲ့ အနိဋ္ဌာရုံတွေကို စစ်ခေါင်းဆောင်ပိုင်းက မသိတာများပါတယ်တဲ့။ ကိုယ်ဝါဒဖြန့်ထားတာနဲ့ လက်တွေ့ဖြစ်ရပ်ကွာခြားတာကို သိမြင်နိုင်တဲ့ ပညာဉာဏ်မရှိတဲ့ စစ်ခေါင်းဆောင်တွေဟာ ပြဿနာကို ဖြေရှင်းနိုင်စွမ်းမရှိကြဘူးလို့ Steinberg က မြင်ပါတယ်။

မဆလခေတ်ကတည်းက သတင်းမှန်ကိုမထုတ်ပြန်ဘဲ နိုင်ငံရေးအမြတ်ထုတ်နိုင်အောင် လိမ်ညာဝါဒဖြန့်လာတာမို့ ဖြစ်ရပ်မှန်နဲ့ ပြဿနာကိုထောက်ပြဖို့ကိစ္စဟာ နိုင်ငံခြားသားရဲ့တာဝန်လို ဖြစ်လာပါတယ်။ ဒီမိုကရေစီနိုင်ငံမှာတော့ အစိုးရအပြစ်အနာအဆာကို သတင်း'မီဒီယာ' ကထောက်ပြတဲ့အတွက် အစိုးရဟာ ထင်သလိုမလုပ်ရဲပါဘူး။ လွတ်လပ်တဲ့ တသီးပုဂ္ဂလသတင်းဌာနမရှိတဲ့ မြန်မာပြည်မှာ အစိုးရရဲ့ ပုန်းလျှိုးကွယ်လျှိုးလုပ်မှု၊ စာရင်းလိမ်မှုနဲ့အဂတိလိုက်စားမှုကို ဖော်ထုတ်ဖို့ကိစ္စဟာ နိုင်ငံခြားသားရဲ့တာဝန် ဖြစ်လာပါတယ်။ ဒါကြောင့်နိုင်ငံခြားသားနဲ့ နိုင်ငံခြားရောက်မြန်မာရဲ့တာဝန်တခုဟာ သတင်းအချက်အလက် ဖြန့်ချိရေးဖြစ်လာပါတယ်တဲ့။ စစ်အစိုးရဟာ သူကြားစေချင်တဲ့သတင်းကိုသာ ထုတ်ပြန်ကြေညာပြီးလိမ်ညာဝါဒဖြန့်ပါတယ်။ ဒီလိုလုပ်ဖန်များလာတဲ့အခါမှာ ကိုယ်လိမ်ထားတာကို ကိုယ်က ပြန်ယုံလာပါတော့တယ်။ ဒါကြောင့်မို့ ဝေဖန်တာကို တိုင်းပြည်ပျက်အောင်လုပ်တာပါလို့ စစ်အစိုးရသံကုန်ဟစ်နေတာပါ။ နိုင်ငံခြားသားဟာ ဝေဖန်ရုံတင်မကဘဲ ပြုပြင်ရေးလုပ်ဖို့လည်း စစ်အစိုးရကို တိုက်တွန်းနိုင်ပါတယ်။ ကောင်းမွန်တဲ့အုပ်ချုပ်ရေးစနစ်တည်ဆောက်ဖို့နဲ့ လူ့အခွင့်အရေးရှင်သန်လာအောင် ပြုပြင်ပြောင်းလဲဖို့ စစ်အစိုးရကို ကူညီထောက်ပံ့နေတဲ့နိုင်ငံတွေက တိုက်တွန်းနိုင်ပါတယ်။

ဒုက္ခရောက်နေတဲ့ အတိုက်အခံနိုင်ငံရေးသမား၊ ကျောင်းသား၊ ပုံကျအလုပ်သမားနဲ့ ဒုက္ခသည်တွေကို ကူညီစောင့်ရှောက်ဖို့လည်း နိုင်ငံခြားသားမှာ တာဝန်ရှိပါတယ်တဲ့။ ဒီလိုလူမျိုးတွေကို အိမ်နီးချင်းနိုင်ငံက အန္တရာယ်လို့မြင်လေ့ရှိတာကြောင့် ဒီနေရာမှာ တသီးပုဂ္ဂလ NGO ကယ်ဆယ်ရေးအဖွဲ့ဟာ အရေးကြီးတဲ့အခန်းက ပါဝင်လာရပါတယ်။ အတိအလင်းဝေဖန်သူကို အတိုက်အခံအားပေးသူအဖြစ် စစ်အစိုးရကယူဆပြီး တိုးတိုးတိတ်တိတ်ဝေဖန်အကြံပေးတာကိုတော့ ဂရုမစိုက်ပါဘူး။ အိမ်နီးချင်း အာဆီယံနိုင်ငံတွေ ဗမာစစ်အစိုးရကို အမျိုးမျိုးအကြံပေးပေမယ့် အရာမရောက်တာ များပါတယ်။ နိုင်ငံခြားကုမ္ပဏီ လာရောက်ရင်းနှီးမြှုပ်နှံတာဟာ တိုင်းပြည်အတွက် အကျိုးရှိတယ်လို့ စစ်အစိုးရက ဆိုပေမယ့် ဒေသအချို့နဲ့ လူတစုသာ အကျိုးခံစားနေရတာ ထင်ရှားပါတယ်။ စည်းလုံးညီညွတ်တဲ့ တခုတည်းသောအဖွဲ့အစည်းဟာ စစ်တပ်သာဖြစ်ရမယ်လို့ ယူဆတဲ့ စစ်အစိုးရဟာ အတိုက်အခံအဖွဲ့အစည်းနဲ့ တိုင်းရင်းသားအုပ်စုတွေ အကွဲကွဲအပြဲပြဲဖြစ်နေအောင် နည်းမျိုးစုံသုံးပြီး သပ်လျှိုဖို့ကြိုးစားပါတယ်။

လွတ်လပ်တဲ့ တသီးပုဂ္ဂလအရပ်သားအဖွဲ့အစည်း civil society ဆိုတာမျိုး မြန်မာပြည်မှာ မရှိပါဘူး။ စစ်အစိုးရလက်အောက်ခံ ကြံ့ဖွံ့အသင်းကို အရပ်သားအဖွဲ့အစည်းအဖြစ် အသိအမှတ်ပြုထားပါတယ်။ ဒါကြောင့် စစ်အစိုးရဒဏ်မခံနိုင်တော့တဲ့အခါ ၁၉၈၈ ကလို ပြည်သူ့အုံကြွမှု ဖြစ်ပွားပြီး ပြောင်းလဲတာမျိုးလည်း ဖြစ်နိုင်ဖွယ်ရှိပါတယ်တဲ့။ ဒါမှမဟုတ်လည်း စစ်တပ်ထဲမှာ အမြင်မှန်ရပြီး တပ်မတော်ကိုအဖတ်ဆယ်ဖို့ အုပ်ချုပ်ရေးပိုင်းက ထွက်သွားရင်လည်း အပြောင်းအလဲ ဖြစ်နိုင်ပါတယ်။

တရုတ်ထောက်ခံမှု အပြည့်အဝရနေတာမို့ စစ်အစိုးရဟာ တင်းမာနိုင်တာလို့လည်း ဆိုပါတယ်။ ၁၉၉၆ မှာ အာရှအခြေစိုက် တရုတ်စစ်သံမှူးတဦးကို မေးကြည့်တဲ့အခါမှာ ဗမာစစ်အစိုးရကို တရုတ်က အမြဲတမ်းထောက်ခံအားပေးနေမယ့်ပုံစံမျိုး ပြောသွားတယ်လို့ David Steinberg က ဆိုပါတယ်။ ဒါကြောင့် နိုင်ငံရေးနာလန်ထဖို့မပြောနဲ့ အပြောင်းအလဲလေး ဖြစ်ဖို့တောင် စစ်တပ်မပါရင်မပြီးပါဘူး။ အရပ်သားကို နှိပ်စက်သူဆိုပြီး စစ်တပ်ကို ဂရုမစိုက်ရင် လက်တွေ့ဘဝကို လျစ်လျူရှုရာရောက်ပါတယ်တဲ့။

ဒါပေမဲ့ တရားဝင်တဲ့နိုင်ငံရေးအဖွဲ့အစည်းကသာ မြန်မာ့နိုင်ငံရေးကို အဆုံးအဖြတ်ပေးနိုင်လိမ့်မယ်လို့ ဆိုပါတယ်။ နိုင်ငံရေးတရားဝင်မှုမှာ လိုအပ်တဲ့ အချက် ၄ ချက်ကို ဖော်ပြထားပါတယ်။ ပထမအချက်က ခေါင်းဆောင်ပိုင်းနဲ့ နိုင်ငံသားတွေမှာ တူညီတဲ့စံသတ်မှတ်ချက်နဲ့ အတွေးအခေါ်ရှိဖို့ဖြစ်တယ်။ ဒုတိယအချက်က ခိုင်မာတဲ့စည်းကမ်းနည်းလမ်းအတိုင်း အာဏာရယူတာဖြစ်ပါတယ်။ တတိယက အာဏာကို မှန်မှန်ကန်ကန် ထိထိရောက်ရောက်အသုံးပြုနိုင်ဖို့ဖြစ်ပြီး စတုတ္ထကတော့ တိုင်းသူပြည်သားရဲ့သဘောတူချက်ကို ရယူတာပဲဖြစ်ပါတယ်။ ဒီအချက် ၄ ချက်နဲ့ညီရင် တရားဝင်တယ်လို့ ဆိုနိုင်ပါတယ်။

မြန်မာ့ရှေ့ရေးဟာ မျှော်လင့်ချက်မရှိသေးပါဘူး။ နေရာတကာမှာ စစ်အစိုးရ ကြီးစိုးနေတဲ့အဆင့်က မတက်သေးပါဘူး။ ဒါပေမဲ့ နိုင်ငံခြားက ဒဏ်ခတ်အရေးယူလို့ စစ်အစိုးရ ပြောင်းလဲမှာမဟုတ်ဘူးလို့ David Steinberg က ယူဆပါတယ်။ အနောက်တိုင်းစီးပွားရေးနဲ့ဆက်စပ်နေတဲ့

တောင်အာဖရိကကိုဒဏ်ခတ်အရေးယူတာကို အိမ်နီးချင်းနိုင်ငံတွေကထောက်ခံပေမယ့် ဗမာ စစ်အစိုးရကို ဒဏ်ခတ်အရေးယူတာကိုတော့ အိမ်နီးချင်းနိုင်ငံတွေက မထောက်ခံပါဘူး။ အမေရိကန်ရဲ့ ဒဏ်ခတ်အရေးယူမှုဟာ ထိရောက်မှာမဟုတ်ဘူးလို့ ယူဆပါတယ်။ တရုတ်နဲ့ဂျပန်ကသာ ဗမာစစ်အစိုးရအပေါ် ဩဇာညောင်းနိုင်ပါတယ်တဲ့။

တိုင်းသူပြည်သား သာယာဝပြောရေးနဲ့ တရားမျှတရေးကိုဦးစားပေးတဲ့ အစိုးရ စနစ်ပေါ်ထွန်းလာဖို့အတွက် ကြိုးပမ်းနေသူတွေကို ဝေဖန်အကြံပေးတာဟာ နိုင်ငံခြားသားနဲ့ နိုင်ငံခြားရောက်မြန်မာတွေရဲ့ တာဝန်ဝတ္တရားဖြစ်တယ်လို့ David Steinberg က သုံးသပ်ကြောင်း တင်ပြရင်း "မြန်မာ့ဒီမိုကရေစီအလားအလာ" စာအုပ်ကို ဒီတင်ပဲ နိဂုံးချုပ်လိုက်ရပါတယ်။

☆ ☆ ☆

# Burma: Prospects for a Democratic Future
## Contents

**Acknowledgements**

**Myanmar or Burma?**

**Introduction**: Prospects for a Democratic Burma
*Robert I. Rotberg*

**Part One: Political Considerations**

1. The Evolution and Salience of Burma's National Political Culture
*Josef Silverstein*
2. Political Values and Political Conflict in Burma
*R. H. Taylor*
3. On Time Warps and Warped Time: Lessons from Burma's "Democratic Era"
*Mary P. Callahan*
4. From Isolation to Relevance: Policy Considerations
*Marvin C. Ott*

**Part Two: The Military**

5. The Armed Forces and Military Rule in Burma
*Andrew Selth*
6. Burma's Role in Regional Security- Pawn or Pivot
*J. Mohan Malik*
7. Ethnicity and Civil War in Burma: Where Is the Rationality
*Ananda Rajah*

**Part Three: Economic Consideration**

8. Development Prospects for Burma: Cycles and Trends
*David Dapice*
9. Drugs and Economic Growth: Ethnicity and Exports
*Bertil Lintner*
10. Burma: The Booming Drug Trade
*Robert S. Gelbard*
11. The New Burma Road (Paved by Polytechnologies?)
*Frank S. Jannuzi*
12. Foreign Direct Investment in Burma: Trends, Determinants and Prospects
*Mark Mason*

**Par Four: Health and Education**

13. The State's Role in Education in Burma: An Overview
*John J. Brandon*
14. Health in Burma: An Interpretive Review
*David A. Chandler*

**Part Five: Looking Forward**

15. The Road to Political Recovery: The Salience of Politics in Economics
*David I. Steinberg*

မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစု

**Forum for Democracy in Burma**

P.O. Box 83
Mae Sot, Tak 63110
Thailand

democraticforum@csloxinfo.com

# မြန်မာ့ဒီမိုကရေစီအလားအလာ




**Burma: Prospects for a Democratic Future**
Robert I. Rotberg - author. Publisher

THE WORLD PEACE FOUNDATION *and* HARVARD INSTITUTE FOR INTERNATIONAL DEVELOPMENT
*Cambridge, Massachusetts*

BROOKINGS INSTITUTION PRESS / *Washington, D.C.*
Publication year: 1998

မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစု
သတင်းနှင့်ပြန်ကြားရေးကော်မတီ